# ရေးလာတဲ့စာ

## အယ်ဒီတာခင်ဗျား ...

ကျနော်တို့ကျိုင်းတုံမြို့မှာ ဂျွန်လဆန်းပိုင်းကစပြီး နအဖ အာဏာပိုင်ရဲ့ညွှန်ကြားချက်အမိန့်နဲ့ မြို့မဈေးကြီးအတွင်းရောင်းချနေတဲ့ ဈေးသူဈေးသားတွေအပေါ် အခွန်ငွေအဆမတန်တိုးကောက်ခံနေလို့ သာမန်ဈေးသူဈေးသားတွေ တော်တော်ညီးတွားနေကြပါတယ်။ အခု ဈေးအတွင်းသတ်မှတ်ထားတဲ့နေရာဆိုင်ခန်းတွေမှာရောင်းချနေတဲ့ ဈေးသည်တွေအဖို့ နေရာတစ်ကွက်စာယူရင် တလ ၃၀၀၀ ကျပ် အခွန်ပေးရပြီးအနီးအနားနေရာလွတ်မှာဈေးခင်းရောင်းရင်တစ်ကွက်စာနေရာအတွက်တလ ၁၅၀၀ ကျပ်ပေးဆောင်ရပါတယ်။၂၀၀၆ ခု ဂျွန်လမတိုင်မီက ဈေးတွင်းဆိုင်ခန်းယူရောင်းဝယ်နေသူတွေ တလ ၁၅၀၀ ကျပ်နဲ့နေရာလွတ်မှာခင်းရောင်းသူတွေကတလ ၈၀၀ ကျပ် သာပေးဆောင်ခဲ့ရပါတယ်။ နှစ်ကုန်တဲ့အခါ သို့မဟုတ်တနှစ်ပြည့်ရင် အဲဒီနေရာအတွက်သက်တမ်းတိုးကြေးတစ်နှစ်စာ ၃၅၀၀ ကျပ်ပေးသွင်းရမယ်ဆိုပြန်တယ်။ ဒီပြင်ကုန်သွယ်ခွန်ဆိုပြီး ဆိုင်ခန်းတစ်နေရာစာကိုတစ်လ ၄၀၀၀ ကျပ်နဲ့တစ်နှစ်စာ ၂၉၀၀၀ ကျပ်အတွက် ဈေးမရောင်းရချင်နေပါစေ အမြတ်မရသေးပေမဲ့ ပုံမှန်ဈေးခွန်ဆောင်နေရပါတယ်။ ဒီကြားထဲ ဈေးဂေါင်းကလဲ တစ်ကွက်စာနေရာလွတ် ခင်းရောင်းသူတွေဆီက ၅၀၀ ကျပ်နေ့တိုင်းကောက်ခံနေပါကြောင်း။

နစ်နာတဲ့ဈေးသည်

## အယ်ဒီတာခင်ဗျား ...

တြိဂံစစ်တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်ဟာ လာဘ်ပေး လာဘ်ယူဘက်မှာ ပိုလို့ပါးနပ်လည်ပယ်မှုရှိပြီးအကွက်ချစားတတ်ဝါးတတ်သူပါပဲ။ ဒင်းပြောင်းလာပြီးမကြာခင် ၂၀၀၅ ခုနှစ် မိုးဦးကာလက ကျွန်းသစ်တင်ပို့ရောင်းဝယ်ရေးလုပ်ငန်းကို ၄င်းအမိန့်နဲ့ပိတ်ပစ်လိုက်တယ်။ ခါတိုင်းသစ်ကုန်သည်တွေ သစ်ကိုမိုင်းတုံမိုင်းဆတ်ကနေ တာချီလိတ်မိုင်းဖုန်းဖက် တင်ဆောင်ကြပြီး မဲခေါင်မြစ်ဆိပ်အရောက်ပို့နေကျလမ်းကြောင်းကိုပိတ်ပစ်လိုက်တဲ့အပြင် ယခင် ကျိုင်းတုံ–မိုင်းလား ဆန်တင်ပို့ရောင်းဝယ်ခွင့်ကိုလည်းပိတ်ပစ်ခဲ့ ပြန်တယ်။ တရုတ်ပြည် ဆစ်ဆောင်ပန်းနားဒေသမှာ ယခင်စပါးစိုက်နေကျလယ်မြေနေရာမှာ ကြံပင်နဲ့အစားထိုးစိုက်လာကြတာကြောင့် ရှမ်းပြည်ကဆန်ကို ဝယ်ယူစားသုံးနေကြရတယ်။ မကြာပါဘူး လောပန်းသူဌေးတွေက တံစိုးလက်ဆောင်တွေနဲ့အသနားခံပြီး အထုပ်ကြီးကြီးတိုးတိုးတိတ်တိတ်ဆက်သပါမှ၊ တစ်ဖက်မှာလည်း နမ့်လွေချောင်းကျော်တံတားဂိတ်မှာ အောက်ဆိုက်အခွန်ကောက်ပေးနေလို့ ဗခမင်းအောင်လှိုင်ထံလက်ဖျားငွေသီးနေပါသတဲ့။ တရားဝင်ပိတ်ထားပေမဲ့ ဆန်အိတ်တင်ဆယ်ဘီးကားကြီးများ ကျိုင်းတုံက မိုင်းလားကိုအသွား တာပိန်း–နမ့်လွေဂိတ်ကို အလွယ်တကူဖြတ်နိုင်ပုံထောက်တော့ မိုင်းတုံသစ်ကိစ္စလည်းထိုနည်း၄င်းပါပဲ။ စစ်တိုင်းမှူးအသစ်တွေအဖို့အိပ်ကပ်ဖေါင်းလို့စားစေဝါးစေရန်သာဖြစ်ပါကြောင်း။

ကျိုင်းတုံမှ စိုင်းလုံ


Photo: SHAN

"ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ် (SNLD) ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် ရှမ်းခေါင်းဆောင်များအား ဖမ်းဆီးထားခြင်းဖြင့် ဆက်လက်ကျင်းပသော အမျိုးသားညီလာခံသည် စစ်မှန်သော တွေ့ဆုံဆွေးနွေးမှု မဖြစ်နိုင်"

*ရှမ်းဒီမိုကရက်တစ်အစည်းအရုံး (SDU) ဥက္ကဋ္ဌ စဝ်ဆိုင်စစ်*

## သျှမ်းသံတော်ဆင့် သိစေချင်...

လွန်ခဲ့သောစက်တင်ဘာလဆန်းက ၁ ရက် မှ ၃ ရက်နေ့အထိ သုံးရက်အဆက်မပြတ်မိုးသည်းထန်စွာရွာသွန်းခဲ့တယ်။ ကျိုင်းတုံမြို့ အရှေ့တောင်ဖက် မြို့သစ်ရပ်ကွက် (၁) မှာ ရေလွှမ်းမိုးပြီး လေယာဉ်ကွင်းသွားလမ်းတလျှောက် လမ်းဘေးဝဲယာနှစ်ဖက်စလုံး ရေလျှံသွား ပါတယ်။ ကျိုင်းတုံတောင်ဖက် လွယ်မွေဖက်မှမြစ်ဖျားခံကာ စီးဆင်းလာတဲ့ နမ့်လပ်ချောင်းရေလျှံတက်လာလို့ နောင်ခမ်းရွာလမ်း သုံး–လေးလမ်းမှာလည်း ဒူးဆစ်ထိရေမြုပ်ခဲ့တယ်။ သီလရှင်ကျောင်း အပါအဝင် ဘုန်းကြီးကျောင်းဝင်းပါ ရေမြုပ်တဲ့အထဲပါလို့ မြို့နယ်မှ အာဏာပိုင်တွေလာရောက်ကြည့်ရှုကြပေမဲ့ ကိုယ်ထူကိုယ်ထစနစ်နဲ့ပဲ ကိုယ့်အခက်အခဲကိုယ်ဖြေရှင်းကြဖို့သာမှာကြားသွားတယ်။ ရေဘေး ဒုက္ခသည်တွေ သူတို့ဆီက ဘာအကူအညီမှ မရခဲ့ပါဘူး။

ရေဘေးဒုက္ခသည်

**နိုင်ငံရေး**

# ညောင်နှစ်ပင် ရလဒ်၊ စစ်တပ်စိတ်ကြိုက် အခြေခံဥပဒေ

နအဖ ညီလာခံနဲ့ပါတ်သက်ပြီး မြန်မာ့အရေးလေ့လာသူ ကျွမ်းကျင်သူကုလသမဂ္ဂအရာရှိတွေကလည်း ဒီမိုကရေစီနည်းမကျတဲ့ လုပ်ပုံကိုင်ပုံတွေကို ဝေဖန်ထောက်ပြကြပါတယ်။ အဲဒီထဲက တဦးက တော့ USA- Georgetown တက္ကသိုလ်က မြန်မာနိုင်ငံဆိုင်ရာ စာအုပ် စာတမ်းတွေအများကြီးရေးသားခဲ့သူ ဂုဏ်ထူးဆောင်ပါမောက္ခ ဒေးဗစ်စတိုင်းဘတ် လည်းပါဝင်ပါတယ်။ သူပြောသွားတာက *"ရလာမဲ့ အခြေခံဥပဒေကတော့ စစ်တပ်စိတ်ကြိုက်အခြေခံဥပဒေ ဖြစ်မှာပါ။ သူတို့လိုချင် သွားချင်တဲ့ပုံစံ အခြေခံဥပဒေမျိုးပေါ့။ အနာဂတ်တိုင်း ပြည်မှာ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး အာဏာတွေကို စစ်တပ်က ထိန်းချုပ်သွားမဲ့ အခြေခံဥပဒေမျိုးပါ။ ဖြစ်လာမှာက နောက် ၂၀၀၇ နှစ်ထဲ အပြီးသတ်ပြီး ဆန္ဒခံယူပွဲလုပ်မယ်။ စစ်တပ်ထိန်းချုပ် ထားတဲ့ကြံ့ဖွံ့အားနဲ့အတည်ပြုမယ်။ ပြီးရင်ရွေးကောက်ပွဲအသစ် ဖြစ်လာမယ်။ အတိုက်အခံ အမတ်တချို့လဲ လွှတ်တော်ထဲရောက်သွား တာလဲရှိနိုင်ပါတယ်။ ဒါပေမဲ့လွှတ်တော်အမတ်နေရာ ၂၅% အလို အလျောက်ရပြီးသားဖြစ်တဲ့ စစ်တပ်ကိုယ်စားလှယ်တွေ၊ အငြိမ်းစား တပ်မတော်အရာရှိတွေဟာ သူတို့ သက်ဆိုင်ရာမဲဆန္ဒနယ်တွေကနေ အရွေးခံပြီးပါလာကြမှာဆိုတော့ လွှတ်တော်ကိုလဲသူတို့ပဲထိန်းချုပ် သွားမှာပါ။"*

*" ဒီညီလာခံမှာ အဓိကအတိုက်အခံဖြစ်တဲ့ NLD, SNLD တို့လဲမပါဘူး။ အပစ်ရပ်အဖွဲ့တချို့ပဲတက်နေတယ်။ အခု အခြေအနေ မျိုးမှာ အတိုက်အခံတွေလုပ်နိုင်မှာက သိပ်နည်းပါတယ်။ တိုင်းရင်းသား အုပ်စုတွေ ညီလာခံတက်နေခြင်းအားဖြင့် အခြေခံဥပဒေသစ်ကနေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ပြဌာန်းခွင့်နည်းနည်းပါးပါး ရလာနိုင်စရာရှိ ပါတယ်။ နိုင်ငံတော်အာဏာနဲ့ပါတ်သက်လို့ကတော့ သူတို့ဘာမှ ရနိုင်စရာမရှိပါဘူး။ စစ်တပ်ရဲ့လက်ထဲမှာပဲ ထားသွားမဲ့ပုံစံပါ။"*

*"စစ်တပ်က စိတ်တိုင်းကျချယ်လှယ်ဖို့လုပ်နေတဲ့ကိစ္စကို နိုင်ငံ တကာအသိုင်းအဝိုင်းအနေနဲ့ကလဲ ဘာမှသိပ်လုပ်နိုင်မဲ့ပုံ မရှိပါဘူး။ တခါတလေ မြန်မာနိုင်ငံအရေးကို ဝိုင်းဆွေးနွေးတာ၊ ဝေဖန်ပြစ်တင် တာတွေတော့ လုပ်နိုင်ပါလိမ့်မယ်။ အခုအရေးဟာ ပြည်တွင်းအရေး ပဲဆိုပြီး တချို့ကလဲ လက်ရှောင်နေနိုင်ပါတယ်။ တကယ်တော့ စစ်ဗိုလ် တွေကိုယ်တိုင်က ပြောင်းချင်မှပြောင်းလဲနိုင်မဲ့အဖြစ်ပါ။ စစ်ဗိုလ်တွေ ကလဲပြောင်းချင်တဲ့စိတ်ရှိပုံမရပါဘူး။ အနည်းဆုံး ခုလက်ရှိစစ်ခေါင်း ဆောင်တွေလက်ထဲမှာတော့ ပြောင်းမဲ့ပုံသိပ်မတွေ့ရပါဘူး။ ဒီတော့ နိုင်ငံတကာကလဲ ဘာမှဝင်လုပ်ပေးလို့မရသလိုဖြစ်နေတာပါ။ မြန်မာ နိုင်ငံတွင်းအခြေအနေတွေဟာ မဟုတ်တော့ဖူးဆိုတာသိသာပါတယ်။ ဒါပေမဲ့ ဘာမှမလုပ်နိုင်ကြတာပါ။"*

**မြန်မာနိုင်ငံရဲ့အခြေအနေအားလုံးမျှော်လင့်ချက်မဲ့နေပြီလား?**

**အနာဂတ်မှာဒီမိုကရေစီနိုင်ငံတော်ပေါ်လာနိုင်ဖို့လမ်းစအတွက် ဘာတွေလုပ်နိုင်မှာလဲ?**

*"အချိန်ကာလတခု ရောက်ရင်တော့ ပြောင်းလဲရမှာပါ။ စစ်တပ်အရာရှိတွေကိုယ်တိုင်က တိုင်းပြည်ကောင်းစားဖို့ သူတို့က ချည်းချုပ်ကိုင်ထားလို့မဖြစ်ဖူးဆိုတာကို သဘောပေါက်လာရမှာပါ။ လူထုကလဲ သူတို့လိုချင်တဲ့လမ်းကြောင်းအတိုင်း တဖြည်းဖြည်း ရွေးချယ်လာကြမှာပါ။ အချိန်တော့ကြာပါလိမ့်မယ်။ တဖြည်းဖြည်း ချင်းဖြစ်မှာပါ။ အပြင်ကဝင်ပြီးတော့ ဒီမိုကရေစီရအောင် ဝင်လုပ်ပေးလို့ မရနိုင်ပါဘူး။ တဖြည်းဖြည်းတော့ လူထုကိုယ်စားပြုသူတွေ နေရာရ လာမှာပါလို့ ကျနော်ယုံကြည်ပါတယ်။"* ❑

*BBC 10/10/2006* - နံနက်ပိုင်း

# နအဖ ညီလာခံ နိုင်ငံရေးအရ အပြီးသတ်ချင်

နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲနေတဲ့ အမျိုးသား ညီလာခံကိုဆန့်ကျင်မယ့်ဘယ်အဖွဲ့အစည်းကိုမဆိုချေမှုန်းသွားမယ် လို့ နအဖ အာဏာပိုင်တွေကပြောခဲ့ပါတယ်။ ဒီညီလာခံကို ၁၉၉၃ က တည်းက စတင်ခဲ့ပေမဲ့ အဓိကအတိုက်အခံပါတီဖြစ်တဲ့ NLD က ညီလာခံမှာ ဆွေးနွေးခဲ့ကြပုံတွေဟာ ဒီမိုကရေစီနည်းလမ်းမကျဘူး လို့ ဝေဖန်ပြီး ၁၉၉၆ ခု ကစပြီး တက်ရောက်ခြင်းမရှိတော့ပါဘူး။

၁၀၊ ၁၀၊ ၀၆ ရက်နေ့မှာ ပြန်စတဲ့ညီလာခံဟာ ၁၀ကြိမ် မြောက်ညီလာခံဖြစ်ပါတယ်။ နားလိုက်ပြန်စလိုက်လုပ်လာတဲ့ညီလာခံ ဟာဘယ်လောက်ကြာကြာဆက်ကျင်းပမယ်၊ ဘယ်တော့ပြန်ရပ်နား မယ်ဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး။ ဒီညီလာခံမှာ ခုတခေါက်ဘယ်လို ခေါင်းစဉ်တွေကိုဆွေးနွေးကြမှာလဲ?။ ခုထိ ဘယ်ကိစ္စတွေကို ဆွေးနွေး အတည်ပြုပြီးပြီလဲဆိုတာ မြန်မာနိုင်ငံရှေ့နေများကောင်စီ BLC အတွင်းရေးမှူး ဦးအောင်ထူးက ယခုလိုရှင်းလင်းပြပါတယ်။

*"၁၉၉၃ ကနေ ၁၉၉၆ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံ မူတွေနဲ့ပါတ်သက်တဲ့အခန်းတွေဖြစ်တဲ့ နိုင်ငံတော်၊ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံစနစ်၊ တိုင်းပြည်အကြီးအကဲ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စတာတွေအတွက်ဘယ်လိုမူတွေချမယ်ဆိုတာဆွေးနွေး ခဲ့ကြပါတယ်။ ၂၀၀၄–၂၀၀၅ မှာကျတော့ အခန်းကြီး ၁၁ ခန်း၊ အခြား ကဏ္ဍ ၃ ရပ်ကိုဆွေးနွေးကြပါတယ်။ ၁၉၉၆ ကတောက်လျှောက် ရပ်ပြီးတော့နှစ်တွေအတော်ကြာမှပြန်စလာတာနဲ့အင်မတန် နိုင်ငံရေး ပိုဆန်လာတယ်။ ဆိုလိုတာက ဖွဲ့စည်းပုံအခြေခံ ဥပဒေက ဆွေးနွေး ဖို့လိုအပ်တဲ့အချက်တွေကို ဆွေးနွေးလို့ပြီးသွားပြီ အခြေအမြစ်*



Photo: Manager

ညီလာခံတက်ရောက်လာသောတိုင်းရင်းသားကိုယ်စားလှယ်အချို့

ဖွဲ့စည်းပုံအခြေခံအထိပြောင်းလို့ရပါပြီ။ သို့သော် ၂၀၀၄–၂၀၀၅ အကြားဆွေးနွေးတဲ့ နိုင်ငံခြားရေးကိစ္စ၊ စီးပွါးရေး၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုလုပ်ငန်းတွေအားလုံးဟာ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ဖွဲ့စည်းပုံဥပဒေတွေမှ အသေးစိတ်ဆွေးနွေး မှုချမှတ်တာမလုပ်ကြပါဘူး။ နအဖ က ဆွေးနွေးစရာမလိုတဲ့ ကိစ္စတွေကိုဆွေးနွေးတာဖြစ်တယ်။”

“အခုတခေါက်မှာလဲပဲ ခုနကပြောတဲ့ အချက်အလက် တွေကိုဆက်ဆွေးနွေးဖို့များပါတယ်။ နိုင်ငံရေးအရ အပြီးသတ်ဖို့ ကြိုးစားနေတာပဲဖြစ်တယ်။ ဖွဲ့စည်းပုံအရ ကျန်လိုအပ်တဲ့အချက် တွေကတော့ ဥပမာ ဥပဒေပြုပုံစနစ်၊ ဘယ်လိုဥပဒေပြုမယ်ဆိုတာကို သူတို့လုံးဝမဆွေးနွေးဘူး။ နောက်ပြီးရွေးချယ်တင်မြှောက်ပုံစနစ်နဲ့ ရွေးကောက်ပွဲကော်မရှင်ဘယ်လိုဖွဲ့မယ်ဆိုတာလည်း မဆွေးနွေးရသေးဘူး။ နောက်ပြည်ထောင်စုရဲ့ဘဏ္ဍာငွေကို ဘယ်လိုခွဲဝေသုံးစွဲမလဲ၊ သဘာဝသယံဇာတတွေကို ဘယ်လိုမျှတအောင်သုံးစွဲမယ်ဆိုတာတွေလည်းမဆွေးနွေးဘူး။ ပြည်နယ်တွေကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဘယ်လိုရေးဆွဲခွင့်ပေးမလဲ? ဒါတွေလုံးဝမဆွေးနွေးဘူး။ ပိုပြီးအရေးကြီးတာက ဖွဲ့စည်းပုံအခြေခံဥပဒေ တိုင်းမှာပါနေကျဖြစ်တဲ့ နိုင်ငံသားတွေရဲ့အခြေခံအခွင့်အရေးများကဏ္ဍ လုံးဝမဆွေးနွေးသေးဘူး။ အရေးမကြီးတဲ့အချက်အလက်တွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ မှာပါစရာမလိုတဲ့ အစိုးရလုပ်ရမဲ့ မူပိုင်းဆိုင်ရာအချက်အလက်တွေကိုတော့ အချိန်ဆွဲပြီးဆွေးနွေးတယ်။ နိုင်ငံရေးအရအပြီးသတ်အောင်ဆက်ကြိုးစားသွားဖို့ပဲလို့သုံးသပ်လို့ရပါတယ်။”

“ဒီညီလာခံကို သူတို့ကြိုက်တဲ့အချိန်မှာ အဆုံးသတ်လို့ရပါတယ်။ အဆုံးသတ်လို့ပြီးရင်တော့ ဒီအခြေအနေအောက်မှာ ရှိတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေက သူတို့မူမှာပါတဲ့အတိုင်းပဲ။ တပ်မတော်ဟာ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးကိစ္စရပ်များအတွက် အမျိုးပြည်သူတရပ်လုံးနဲ့ဆက်စပ်ဆောင်ရွက်ပြီးတော့ သူတို့အရေးသုံးပါးအတွက် စစ်တပ်မှာအဓိကတာဝန်ရှိတယ်ဆိုတဲ့မူကိုဖေါ်ဆောင်မဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပဲပေါ်ပေါက်လာဖို့ရှိတယ် လို့မြင်ပါတယ်။”

*BBC ၁၀၊ ၁၀၊ ၂၀၀၆*



# SSA ခွဲထွက် ၃–ဗိုလ်မှူးကြီးမိန်းစင့် နအဖ ထံပြန်လည်ခိုလှုံ

ပြီးခဲ့သော ၂၄–၉–၀၆ ရက်နေ့က လဲချားမြို့အခြေစိုက် နအဖ တပ်ရင်း ခမရ (၅၁၅) မှ ဆယ်ဘီးကား ၂ စီးဖြင့် **SSA-S** ခွဲထွက် ဒုဗိုလ်မှူးကြီး မိန်းစင့် နှင့်အဖွဲ့အား လဲချားမြို့နယ် ဆလိုင်းခုန်ရွာအထိ သွားရောက်ကြိုဆိုကြောင်း ရှမ်းပြည်အလယ်ပိုင်းမှ သတင်းပေးပို့ချက် အရသိရသည်။

ဩဂုတ်လ အစောပိုင်းက နအဖ ၏အပြောနှင့်အလုပ် မညီမှု ကြောင့် ၃–၄ ခြမ်းကွဲကာ ပြန်လည်တောခိုခဲ့သော **SSA-S** ခွဲထွက် ဒုဗမက–မိန်းစင့်အဖွဲ့နှင့် ဗမ–စိုင်းတ ဦးဆောင်သောအဖွဲ့အင်အား ၁၀၀ ခန့်အားသွားရောက်ကြိုဆိုသူများထဲတွင် ဌါနေပြည်သူ့စစ်ဖြစ် သွားသော ဗက–ထွန်းကျော်၊ ဗမ–စိုင်းထွယ့် တို့လည်းပါဝင်သည် ဟု ဆိုသည်။

ဒုဗမက–မိန်းစင့် ဦးဆောင်သောအဖွဲ့သည် မိုင်းကိုင်မြို့နယ် ဟိုခိုင်းတိုက်နယ်အတွင်းနှင့် ဗမ–စိုင်းတ ဦးဆောင်သောအဖွဲ့သည် ကျေးသီးမြို့နယ် တုံလောဝ်းတိုက်နယ်အတွင်း ကျင်လည်လှုပ်ရှားနေခဲ့ သည်။ ပြန်လည်တောခိုသွားသော ဒုဗမက–မိန်းစင့် နှင့်အဖွဲ့အား နအဖ နှင့် **SSA-S** နှစ်ဘက်စလုံးက ဩဂုတ်လ ၃၁ ရက် နောက်ဆုံး ထား၍လက်ခံမည်ဟုထုတ်ပြန်ခဲ့ပြီးနောက် အခြေအနေငြိမ်သက်နေ ခဲ့သည်။

ပြီးခဲ့သော ဩဂုတ်လလယ်ပိုင်းက နအဖ မှ ဒုဗမက–မိန်းစင့် နှင့်အဖွဲ့အားဆက်သွယ်ရန် ဗမ–စိုင်းထွယ့် အားစေလွှတ်ကာ **"တိုင်းမှူး ဗမခ–သောင်းအေး သည်ယခင်သဘောတူညီချက်(၅)ချက် ဖြစ်သော (၁– မူးယစ်ဆေးဝါးပူးပေါင်းနှိမ်နင်းရေး၊ ၂– တိုင်းပြည် နှောင့်ယှက် ဖျက်ဆီးသူများအားချေမှုန်းရေး၊ ၃– ပြည်ပရန်ကာကွယ်ရေး၊ ၄– နယ်မြေဒေသဖွံ့ဖြိုးရေး၊ ၅– မိမိကိုယ်ကို ကာကွယ်ရန် လက်နက်ပြန် လည်ကိုင်ဆောင်ရေး) စသည့်အချက်များအတိုင်းအားလုံး ဖြစ်စေ ရမည့်အပြင် မည်သည့်အပြစ်ဒဏ်မှပေးမည်မဟုတ်ကြောင်း"** ဒုဗမက–မိန်းစင့် ၏တပည့်ဖြစ်သူနှင့် ဆက်သွယ်၍ ပြောဆိုခဲ့ သည်များ လည်းရှိခဲ့သည်။

ယခုကဲ့သို့ ဒုဗမက–မိန်းစင့် နှင့်အဖွဲ့ နအဖ ထံပြန်လည်ခိုလှုံ ခြင်းသည် နအဖ ကရင်းတို့၏မိဘ၊ ဇနီး၊ ဆွေမျိုးများကို အကျပ်ကိုင် ကာခြိမ်းခြောက်ထားခြင်းကြောင့်သော်လည်းကောင်း၊ ၎င်းတို့အဖွဲ့ အား တိုင်းမှူးမှစေလွှတ်သောကြားခံလူမှတဆင့် အာမခံချက်တစုံတရာ ရရှိခြင်းကြောင့်သော်လည်းကောင်းတို့ကြောင့် ဒုဗမက–မိန်းစင့် ဤသို့ ဆုံးဖြတ်ချက်ချကာ နအဖ ထံပြန်လည်ခိုလှုံဝင်ရောက်သွားခြင်းပင်ဖြစ် မည်ဟု အကဲခတ်များကသုံးသပ်နေကြသည်။

ထူးခြားသည်မှာ ဒုဗမက–မိန်းစင့်နှင့်အဖွဲ့ (၁၀)ရက်ကျော် နအဖ ထံတစ်ဖန်ပြန်လည်ခိုလှုံသွားခြင်းအပေါ် နအဖ ဖက်မှသော် လည်းကောင်း၊ **SSA-S** ဖက်မှသော်လည်းကောင်း မည်သည့်ဖက်က မှသတင်းထုတ်ဖော်ကြေငြာခြင်း မရှိခဲ့ခြင်းပင်ဖြစ်သည်။ ❑

# နအဖ နှင့် SSA-S တိုက်ပွဲကြောင့် ပြည်သူ ၁၇ ဦးသေဆုံး

နအဖ ထုတ်ဝေသောမြန်မာ့အလင်းသတင်းစာ၌ စက်တင်ဘာ လ ၁၅ ရက်နေ့ သျှမ်းပြည်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်၊မိုင်းဟိုင်းကျေးရွာ အုပ်စုအတွင်းတိုက်ပွဲအပြီး ဖြစ်ပွားခဲ့သောပျက်စီးဆုံးရှုံးမှုမှာ သျှမ်း ပြည်တပ်မတော်တောင်ပိုင်း **SSA-S** အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း နအဖ ကစွပ်စွဲထားသည်။

သျှမ်းပြည်တပ်မတော်တောင်ပိုင်း **SSA-S** နှင့် နအဖ ၏ မိုင်းဖြတ်အခြေစိုက်တပ်ရင်း ခမရ၃၃၁ တို့ ကျော်စိန်လားဟူရွာ အတွင်း တိုက်ပွဲအပြီး လားဟူရွာ ၄ ရွာမှလူနေအိမ်ခြေ ၇၃ အိမ်မီးလောင် ပျက်စီးခဲ့ပြီး၊ အသက်ကြီးရင့်သူများ၊ အမျိုးသမီးများနှင့်အသက် ၄ နှစ်အရွယ်ကလေးငယ်အပါအဝင် ၁၇ ဦးသေဆုံးကြောင်း၊ အဆိုပါ ရွာများကို သျှမ်းပြည်တောင်ပိုင်း **SSA-S** တပ်မှမီးရှို့ဖျက်ဆီးသွားခဲ့ ခြင်းဖြစ်ကြောင်း မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားသည်။

နအဖ ၏စွပ်စွဲချက်ကို **SSA-S** ဘက်က နအဖ တပ်များ တလကြမ်းလိုက်လံပစ်ခတ်ခဲ့၍ ၎င်းတို့ဆုတ်ခွာလာစဉ် မိုးများလည်း ရွာသွန်းလျက်ရှိသဖြင့် ရွာများမီးလောင်မှုမရှိခဲ့သလို အိမ်ခြေများ မီးလောင်ရန်မလွယ်ကူကြောင်းဆိုသည်။

ထိုတိုက်ပွဲနှင့်ပတ်သက်၍ဒေသခံ လားဟူပြည်သူ့စစ်ခေါင်း ဆောင် ဂျဆေးဗိုလ်က **SSA-S** ၏ရန်ကိုကာကွယ်ပေးရန် နအဖ ကို အားကိုးပြီး **SSA-S** သတင်းပေးခဲ့ရာမှ ၎င်းတို့အားဒုက္ခရောက် အောင်ပြုလုပ်ခဲ့သူမှာ နအဖ ပင်ဖြစ်သည်ဟုဆိုကြောင်း တာချီလိတ် မှ အမည်မဖော်လိုသူက ဆိုသည်။

၁၅–၉–၀၆ ရက်နေ့က နအဖနှင့် **SSA-S** တို့ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် နအဖ ဘက်က ဗျူဟာမှူး ကျဆုံးသဖြင့် ၎င်းတို့စိတ်ဆိုးကာ သျှမ်းပြည်အရှေ့ပိုင်း တာချီလိတ်၊ မိုင်းဖြတ်နှင့် မိုင်းဆတ်ကျေးရွာ အုပ်စုတို့တွင် ခလရ၊ ခမရ ၁၄ တပ်ရင်းခန့်ရှိသည့် နအဖ တပ်များက နယ်မြေများရှင်းလင်းလျက်ရှိသည်။

နအဖ ကလက်နက်ကိုင်အဖွဲ့များတွင် အင်အားအကြီးမားဆုံး ၅၀၀၀ ခန့်ရှိ ဗိုလ်မှူးကြီး ယွက်စစ်ဦးဆောင်သော **SSA-S** အဖွဲ့အား အပြစ်မဲ့ပြည်သူများအားသတ်ဖြတ်သူ၊ ပုံးဖောက်ခွဲသူ၊ လူ့အခွင့်အရေး ချိုးဖောက်၍ ကျေးရွာများကိုမီးရှို့ဖျက်ဆီးသူဟုစွပ်စွဲပြီး အကြမ်းဖက် သောင်းကျန်းသူအဖွဲ့အဖြစ် ဩဂုတ်လ ၂၆ ရက်နေ့ မြန်မာ့အလင်း သတင်းစာ၌ ကြေငြာခဲ့သည်။ ❑

# ရွှေ့ပြောင်းအလုပ်သမားများ FORM ဖြည့် ရန်ဝန်လေး

**“ကာယကံရှင်အလုပ်သမားမှဖြည့်သွင်းရန်ပုံစံ”** လျှောက်လွှာတွင် ရွှေ့ပြောင်းအလုပ်သမားတို့၏ကိုယ်ရေးရာဇဝင် အစစ်အမှန်များကို ရေးသွင်းသည့်တိုင် အခက်အခဲများရှိနေသေးကြောင်း ထိုင်းနိုင်ငံရောက် စိုင်းနွံအမည်ရှိ သျှမ်းအလုပ်သမားတစ်ဦးကဆိုသည်။

**“ကျနော်က မိုင်းပန်မြို့နယ် တုန်စုကျေးရွာမှာနေတာပါ။ နအဖ ကတုန်စုကျေးရွာကိုဖျက်ဆီးပစ်ခဲ့တဲ့အတွက်အခုမရှိတော့ပါဘူး။ ပြီးတော့ကျနော့မှာနိုင်ငံသားမှတ်ပုံတင် လည်းမရှိပါဘူး”**

သျှမ်းပြည်တွင်း၌ နအဖ က အဖြူရောင်နယ်မြေ၊ အနက်ရောင်နယ်မြေ၊ အညိုရောင်နယ်မြေ ဟူ၍ခွဲခြားထားရာ ကျေးလက်တောရွာတွင်နေထိုင်သော သျှမ်းပြည်သူအများစုသည် နိုင်ငံသားမှတ်ပုံတင်မရှိကြကြောင်း SSA မှပြောရေးဆိုခွင့်ရှိသူ ဒေါ်နန်းခေးဆိုင်ကယခုကဲ့သို့ပြောဆိုသည်။

**“သျှမ်းပြည်ကျေးရွာမှာနေထိုင်ကြတဲ့ သျှမ်းလူမျိုးအများစုကို စစ်အစိုးရက နိုင်ငံသားစာရင်းမသွင်းပါဘူး။ ထိုင်းနိုင်ငံ ရောက်လာတော့လည်း ထိုင်းဘက်က စာရင်းမသွင်းတော့ သျှမ်းလူမျိုးတို့ရဲ့ဘဝဟာ တိုင်းပြည်မရှိတဲ့ လူနဲ့တူပါတယ်”**

၁၉၉၀ခုနှစ် ရွေးကောက်ပွဲကျင်းပစဉ်က သျှမ်းပြည်တောင်ပိုင်းမိုင်းနောင်မြို့နယ် နောင်တောဝ်းရွာတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ ၈၀၀ ခန့်ရှိသည့်အနက် နိုင်ငံသားမှတ်ပုံတင်ကိုင်ဆောင်သူ ၃၀ ဦးသာရှိရာကျန် ၇၇၀ ခန့်သည် မဲပေးပိုင်ခွင့်မရှိခဲ့ကြောင်း၊လူဦးရေ ၁၀၀%တွင် မှတ်ပုံတင်မရှိသူအနည်းဆုံး ၅၀%ရှိဟု ဆိုသည်။

နအဖ က “လိုင်စင်ရ မှသားအရောင်းသမ” စာအုပ်ထဲတွင် သျှမ်းပြည်၌ သျှမ်းလူမျိုး ၃၅.၅% သာရှိကြောင်းဖော်ပြထားသည်။ ၁၉၉၆–၉၈ ခုနှစ်အတွင်း နအဖ ကသျှမ်းပြည်တောင်ပိုင်းအနက်ရောင်နယ်မြေများမှ သျှမ်းလူဦးရေ ၃၀၀,၀၀၀ ခန့်ကိုမောင်းထုတ်ခဲ့သဖြင့် နိုင်ငံသားစာရင်းတွင်မပါဝင်ဟု ဆက်လက်ပြောဆိုခဲ့သည်။

နအဖ လိမ်လည်ခဲ့သည်မှာ သမိုင်းနှင့်ချီရှိခဲ့ကြောင်းကို –

**“ရှေးက မြို့၊ရွာအတွင်း လက်နက်ကိုင်ထားတဲ့ သူတွေကို စစ်အစိုးရက လက်နက်ကိုင်ဆောင်ခွင့်လိုင်စင် လုပ်ပေးမယ်ဆိုလို့ လက်နက်သွား အပ်တဲ့သူတွေကို ရိုက်နှက်စစ်ဆေးပြီးထောင်ချခဲ့တယ်။ သိပ်မကြာသေးတဲ့နှစ်ကလည်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တွေကို လိုင်စင်ထုတ်ပေးမယ်ဆိုပြီး နအဖ ကသိမ်းယူလိုက်ပြန်တယ်။ အခုလို ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေကို နအဖ က ပတ်စ်ပို့လုပ်ပေးမယ်ဆိုတာယုံကြည်ဖို့ခက်ပါတယ်”**ဟု ထိုင်းနိုင်ငံရောက် အလုပ်သမားတစ်ဦးကဆိုသည်။

အလုပ်ရှင်များ၏စေခိုင်းချက်အရ အချို့ Form ဖြည့်လိုက်ရသော်လည်း ပြည်တွင်းရှိမိဘဆွေမျိုးများကိုထိခိုက်မည်စိုးသည့်အတွက် အမည်နှင့်နေရပ်အမှန်ကိုမထည့်ကြကြောင်းသိရသည်။

လာအိုနှင့်ကမ္ဘောဒီးယားနည်းတူ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား နိုင်ငံသားစီစစ်ရေး Form ဖြည့်ခိုင်း၍ မြန်မာပြည်ဖက်တွင်စစ်ဆေးစီစစ်ပြီးမှ မြန်မာနိုင်ငံသားဟုတ်မှန်ပါက မြန်မာဘက်မှ ပတ်စ်ပို့ထုတ်ပေးမည်ဖြစ်ပြီး ထိုင်းဘက်မှလည်း အလုပ်လုပ်ခွင့်ဗီဇာထုတ်ပေးမည်ဟု ယခင်လက ထိုင်းနှင့်မြန်မာနှစ်ဖက်သဘောတူညီချက်ရှိခဲ့ကြသည်။ ❑

# နအဖမှ အမျိုးသားစာပေသင်ကြားမှုပိတ်ပင်

သျှမ်းပြည်အရှေ့ပိုင်း မိုင်းပြင်းမြို့နယ် ပျက်ကန့်ကျေးရွာအုပ်စုအတွင်းရှိ လွိုင်တိုးရွာနှင့် မိုက်ဆော့ရွာ နှစ်ရွာတွင် သျှမ်းစာသင်ကြားမှုကိုဒေသခံ နအဖ တပ်ကပိတ်ပင်ခဲ့သည်။

ပြီးခဲ့သော ၈၊၈၊၀၆ ရက်နေ့က မိုင်းပြင်းအခြေစိုက် ခမရ ၃၆၀ ဗက–ဝင်းမောင် ဦးဆောင်သောအင်အား ၃၀ ခန့်ရှိစစ်ကြောင်းသည် အဆိုပါရွာများရှိ ကျောင်းဆရာ/မ များအား အမျိုးသားစာပေမသင်ရ၊ သျှမ်းပြည်အမျိုးသားအလံ မစိုက်ထူရ၊ ဗမာစာသာသင်ကြားရမည်ဟု အော်ငေါက်ကြိမ်းမောင်း၍ ဆရာကိုင်သျှမ်းဖတ်စာအုပ်များသိမ်းဆည်းသွားကြောင်းသိရသည်။

အဆိုပါသျှမ်းရွာများသည် အပစ်ရပ်အဖွဲ့ SSA-N ၏ ထိန်းချုပ်နယ်မြေအတွင်းရှိ တပ်မဟာ ၇ မှ ဦးဆောင်၍ ကိုယ်ထူကိုယ်ထအမျိုးသားကျောင်းဖွင့်လှစ်ခဲ့သည်မှာ ၄–၅ နှစ်ခန့်ရှိပြီး အချို့ရွာများတွင် ၇–၈ နှစ် ခန့်ရှိကာ အမျိုးသားစာပေကိုသင်ကြားပေးခြင်းဖြစ်သည်။ အမျိုးသားကျောင်းတစ်ကျောင်းလျှင် အနည်းဆုံးဆရာ ၂ ဦးနှင့် ကျောင်းသား ၆၀ ခန့်ရှိသည်။

ထို့ပြင် နွေရာသီကျောင်းပိတ်ရက်များ၌ သျှမ်းပြည်ဒေသအချို့တွင် “မဟတို”သျှမ်းစာပေရက်တိုသင်တန်းများ အမြဲပို့ချလေ့ရှိပါသည်။ မိုင်းပြင်းအခြေစိုက် ခမရ ၃၆၀၊ ခမရ ၅၂၈ နှင့် ခလရ ၄၃ တို့မှ နယ်လှည့်စစ်ကြောင်းများသည် ထိုကျေးရွာအုပ်စုများသို့ မကြာခဏသွားရောက်၍ ကြက်၊ ဝက် များကိုအဓမ္မဆင့်တောင်းလေ့ရှိရုံသာမက ယခု အမျိုးသားစာပေသင်ကြားမှုကိုပါ အကျပ်ကိုင်လာသည်ဟု ဒေသခံများညည်းတွားနေကြသည်။ ❑

ရှမ်းမြေ

# ဝါကျွတ်ပွဲဇန်းပြု၊ အာဏာပိုင်ထံလာဘ်ထိုး၍လောင်းကစားဝိုင်းဖွင့်

သျှမ်းပြည်မြောက်ပိုင်း မူစယ်မြို့လယ်ဘုန်းကြီးကျောင်း ပိုင်မြေ၌ ပွဲလမ်းသဘင်ကျင်းပခွင့်ကို နအဖအာဏာပိုင်များပိတ်ပင် ထားခဲ့သည်မှာ ၃–နှစ်ခန့်ပင်ရှိသော်လည်း စီးပွားရေးသမားတစ်ဦး ၏အစ်ကိုဖြစ်သူက ဝါကျွတ်ပွဲကိုဇန်းပြုပြီး အာဏာပိုင်များအား လာဘ် ထိုးကာ ဝါကျွတ်ပွဲတွင်လောင်းကစားဝိုင်းဖြစ်မြောက်ရန်အတွက် ကန်ထရိုက်ဆွဲခဲ့သည်ဟု တရုတ်မြန်မာနယ်စပ်မှ သတင်းပေးပို့ချက် အရသိရသည်။

သီတင်းကျွတ်လပြည့်နေ့မတိုင်မီကမူစယ်မြို့မြို့နယ်အေး ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးက သာသနာရေးဦးစီး၌ါန လက်အောက်ရှိဂေါပကအဖွဲ့ (သာသနာ့နုဂ္ဂဟအသင်း) အား အဆိုပါ ဘုန်းကြီးကျောင်းပိုင်မြေနေရာလွတ်တွင်ဝါကျွတ်ပွဲကျင်းပရန် ညွှန်ကြား ခဲ့သည်ဟုဆိုသည်။

ထိုသတင်းကိုကြားသိရသည်နှင့် ဗိုလ်ချုပ်မြင့်လှိုင်နှင့်ရင်းနှီး သော စိုင်းထွန်းအေး(စိုစိုပြည်ပြည်)၏အစ်ကိုဖြစ်သူကောင်းနောင် ရပ်ကွက်ဥက္ကဋ္ဌ အသက် ၅၀ ခန့်ရှိစိုင်းသန်းသည် မြို့နယ်နှင့်ခရိုင် အဆင့်မြင့် အရာရှိများထံခွင့်ပြုချက်ရယူကာ သာသနာ့နုဂ္ဂဟအသင်း နှင့်ညှိနှိုင်းပြီး အောက်တိုဘာ ၇ မှ ၁၄ ရက်နေ့အထိ (၇ ရက်ကြာ) ဝါကျွတ်ပွဲလောင်းကစားဝိုင်းကန်ထရိုက်ဆွဲခဲ့သော်လည်း အောက်တို ဘာ ၁၆ ရက်နေ့အထိ ကစားဝိုင်းဆက်ရှိနေဆဲဖြစ်သည်ဟုဆိုသည်။

လွန်ခဲ့သော ၂၀၀၂ ခုနှစ်မှစ၍နှစ်စဉ်ပြုလုပ်ခဲ့သည့်သျှမ်း နှစ်သစ်ကူးပွဲတော်ကျင်းပခွင့်ကိုသက်ဆိုင်ရာအာဏာပိုင်များကပိတ် ပင်ခဲ့ပြီးကတည်းက အဆိုပါဘုန်းကြီးကျောင်းမြေတွင် မည်သည့်ပွဲမှ ကျင်းပခွင့်မရခဲ့ကြပေ။ ယခုလိုဝါကျွတ်ပွဲကျင်းပခိုင်းပြီးလောင်းကစား ဝိုင်းပါတွဲဖက်၍ ကစားခွင့်ပြုသည်မှာ ထူးခြားမှုရှိကြောင်းကို မူစယ် မြို့ခံတစ်ဦးက –

“ **ဒါဟာ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးအသစ်တွေနဲ့ လားရှိုး တိုင်းမှူးအသစ်အထိ သူတို့အိတ်ကပ်ထဲဝင်အောင်ငွေရှာတဲ့နည်းပဲ ဖြစ်နိုင်တယ်**”ဟုဆိုသည်။

ပွဲကန်ထရိုက် စိုင်းသန်းသည်သာသနာ့နုဂ္ဂဟအသင်းကို ပွဲကြေးတစ်ညလျှင် ကျပ် ၁ သိန်းပေးဆောင်ရန်သဘောတူညီထားခဲ့ သော်လည်း၊ ၎င်းကိုယ်တိုင်ချဉ်းကပ်ကာ ခွင့်ပြုချက်တောင်းခဲ့ရသည့် မယက ဥက္ကဋ္ဌသစ်ဦးညွှန့်ဟန်၊ ခယက အတွင်းရေးမှူးဦးတင်ဝင်း တို့ကို မည်မျှငွေလာဘ်ထိုးလိုက်ရသည်ကိုတော့မသိရသေးကြောင်းဆိုသည်။

“ **တစ်ကယ်လို့ ဘာလာဘ်ငွေမှ မထိုးရင်တော့ လောင်းကစား ဝိုင်း လုပ်ခွင့်ပေးမှာမဟုတ်ပါဘူး။ မြို့နယ်မှူးက ပွဲလုံခြုံရေးအတွက်ဆိုပြီး တစ်ညကိုရဲသား ၁၅ ယောက် အစောင့်ချထားတယ်လေ** ”ဟုဘုန်းကြီး ကျောင်းအနီးတွင်နေထိုင်သည့်မြို့ခံတစ်ဦးကဆိုသည်။

ဝါကျွတ်ပွဲရက်အတွင်း မိုး ၃–၄ ရက်ခန့်ရွာသဖြင့် လောင်း ကစားသူများအနည်းငယ်ကျဲပါးခဲ့သော်လည်း မိုးတိတ်သွား သည့် ၄– ၅ ရက်အတွင်း ဖိုက်ကျူးဝိုင်း၊ ဂျိုကာဖဲ၊ လေပူဖောင်းသေနတ်ပစ်နှင့် ရာဘာကွင်းပုလင်းစွပ် ကစားသူများဖြင့်စည်ကားလျက်ရှိနေကြောင်း၊ ကုန်းကင်းဝိုင်းနှင့်လေးကောင်ဂျင်ဝိုင်းတို့ကိုမူမတွေ့ရှိရကြောင်းဆိုသည်။

ယခုလိုလောင်းကစားဝိုင်းကို စိုင်းအေး၏အစ်ကိုဖြစ်သူ ကောင်းနောင်ရပ်ကွက်ဥက္ကဋ္ဌ စိုင်းသန်းမဟုတ်ဘဲ အခြားသူဖြစ်ပါက ဤဝါကျွတ်ပွဲတွင်ကစားဝိုင်းဖွင့်လှစ်ခွင့်ရလိမ့်မည်မဟုတ်ဟု အချို့က သုံးသပ်သည်။ ❑


မူစယ်မြို့မြင်ကွင်းတနေရာ

Photo: SHAN

# နအဖ မှ မူးယစ်ရာဇဝတ်များကို ကာကွယ်ပေးလျက်ရှိ

မြန်မာနိုင်ငံတွင် နအဖ မှဘိန်းစိုက်ပျိုးမှုများဖျက်ဆီးပြနေခြင်း မှာ ဟန်ပြသာဖြစ်ပြီး၊ နောက်ကွယ်တွင်ဘိန်းထုတ်လုပ်သူများအား အကာအကွယ်ပေးလျက်ရှိကြောင်း ထိုင်းနယ်စပ်တွင်နေထိုင်သူ သျှမ်း ပြည်သားတစ်ဦးကဆိုသည်။

လဲချားမြို့နယ် ဆလိုင်းခုမ်ရွာတွင်နေထိုင်သော အသက် ၄၈ နှစ်ရှိ ဇာလိန် ဆိုသူသည် ဒေသခံလက်သစ်ဘိန်းရာဇဝတ်အဖြစ်နာမည် ကြီးနေသူဖြစ်သည်။ ၎င်းသည်လွန်ခဲ့သောနှစ် ၂၀ ခန့်က MTA တပ်မှူး တစ်ဦးဖြစ်သူဒေသခံ စဝ်ကန်းဂျစ် ထံလက်နက်ချခဲ့ပြီးနောက်ပိုင်း၊ ထိုင်းနယ်စပ် မယ်ဟောင်ဆောင်အနီး ဆန်ကန် ခိုင်းလုံတွင် နေထိုင်သူ မူးယစ်ရာဇဝတ် စဝ်စင့်ကြာ (လျိုဝေမင်) နှင့် ၁၉၉၆ ၌ပူးပေါင်းခဲ့သည်။ လျိုဝေမင်သည် ၁၉၉၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ အမေရိကန်နှင့်ထိုင်း မူးယစ်နှိမ်နင်းရေးအဖွဲ့မှဖမ်းကာအမေရိကန်သို့ပို့ခြင်းကိုခံခဲ့ရသူဖြစ်သည်။

၎င်း၏အဖွဲ့ဝင်များတစ်ဦးပြီးတစ်ဦးအဖမ်းခံနေရသဖြင့် ဘိန်းဘုရင် ဇာလိန် လည်းမနေရဲတော့ပဲ တောင်ကြီးမြို့ တောင်ဘက် အပစ်ရပ် PNO အဖွဲ့ဌာနချုပ် ကျောက်တလုံးရှိ ပအိုဝ်းအဖွဲ့အစည်း ထံဝင်ရောက်ခိုအောင်း၍ မူးယစ်ဆေးဝါးလုပ်ငန်းဆက်လုပ်ခဲ့သည်။ ထိုအတွင်း PNO ထံပေးရန်လိုသောအခွန်ငွေနှင့် အစုရှယ်ယာငွေများ မပေးသဖြင့် ၎င်းအား အောင်ခမ်းထီနှင့် နအဖ ပူးပေါင်း၍ဖမ်းဆီးကာ တောင်ကြီး၌နှစ်ရှည်ထောင်ဒဏ်အပြင် သေဒဏ်ပါချမှတ်ခဲ့သည်။ ဘိန်းရာဇဝတ် ဇာလိန် လွတ်မြောက်ရေးအတွက် (ဟိုမိန်းဒေသ ခွန်ဆာ နေရာဆက်ခံသူ SSS ကုမ္ပဏီပိုင်ရှင်) မဟာဂျာက နအဖ ထံ ကျပ်ငွေ သိန်းထောင်နှင့်ချီပေးပြီး ပြန်ရွေးထုတ်ခဲ့သည်။ ထောင်မှလွတ်လာပြီး နောက် ၎င်း၏ဇာတိရွာဖြစ်သော ဆလိုင်းခုမ် တွင်နေထိုင်ခဲ့သည်။

ထိုနောက်ပိုင်း နမ့်စန်မြို့နယ် နားရိုင်းဒေသ မူးယစ်ဆေးဝါး နှင့်ပတ်သက်၍နာမည်ကြီးသူ ဌာနေပြည်သူ့စစ်ခေါင်းဆောင် ကျိုးဆန်း နှင့်ပူးပေါင်းခဲ့သည်။ ဇာလိန်၊ မဟာဂျာနှင့် ကျိုးဆန်းတို့သည်လက်ရှိ မန္တလေးတိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် (ကျိုင်းတောင်းတွင် ဗျူဟာမှူး အဖြစ်ထမ်းဆောင်ခဲ့သူ)၊ တောင်ကြီး ရပခ တိုင်းမှူးဟောင်း ဗိုလ်ချုပ် ရဲမြင့်နှင့် မိုင်းနောင် စကခ–၂ မှူး ဖြစ်ခဲ့သည့် လက်ရှိအရှေ့ပိုင်းတိုင်းမှူး ဗိုလ်ချုပ်သောင်းအေး စသည်တို့နှင့်ရင်းနှီးသူများဖြစ်ကြသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် မူးယစ်ဆေးဝါးများကို နအဖ ကမည်မျှပင်ဖျက်ဆီးပြစေကာမူ ဘိန်းရာဇဝတ်များကိုအကာအကွယ် ပေးနေသည်မှာထင်ရှားကြောင်း သုံးသပ်သူများကဆိုသည်။ ❑

# သျှမ်းစာဆိုတော်၊ သျှမ်းမျိုးချစ်ခေါင်းဆောင်များအား ရည်စူးလှူဒါန်းပွဲ

၂၇-၉-၀၆ ရက်နေ့က ကွယ်လွန်သွားကြပြီဖြစ်သော သမိုင်းဝင် သျှမ်းစာဆိုတော်ကြီးများ၊ သျှမ်းမျိုးချစ်အာဇာနည်ခေါင်း ဆောင်များနှင့်ဘိုးဘွားမိဘဆွေမျိုးသားချင်းများအားရည်စူး၍ "ပါပေါက်ဘုန်းကြီးကျောင်း" တွင် ဆွမ်းကပ်လှူဒါန်းပွဲတစ်ရပ်ပြုလုပ်ခဲ့ ကြောင်း အဆိုပါအလှူပွဲသို့သွားရောက်ခဲ့သူတစ်ဦးထံမှသိရသည်။

ထိုင်းနိုင်ငံ ချင်းမိုင် "ပါပေါက်"ကျောင်းထိုင်ဆရာတော် ဘုရား ကြီးကဦးဆောင်၍ ဆွေမျိုးမိတ်သင်္ဂဟ ဒကာ၊ ဒကာမ များ၏ စေတနာ ဖြင့် ပါပေါက်ဘုန်းတော်ကြီးကျောင်းအား တည်ဆောက်မွမ်းမံခဲ့သူများ၊ ပျံလွန်သွားပြီဖြစ်သောပါပေါက်ကျောင်းထိုင်ဆရာတော်ဘုရားကြီးများ၊ သျှမ်းစော်ဘွား ၃၄ ပါး၊ သျှမ်းစာဆိုတော်ကြီးများနှင့် သျှမ်းပြည်သမိုင်း တွင် စစ်ရေး၊ နိုင်ငံရေးတို့၌ပါဝင်ခဲ့သောမျိုးချစ်ပုဂ္ဂိုလ်များ(ဆေခန်ဖ၊ စဝ်ခွန်ဆန်တုန်ဟုန်း၊ စဝ်ဂွဏ်းစိဏ်း၊ စဝ်နွဲ့ ခေါ် စောယန္တ) တို့အား ရည်စူး၍ ရေစက်ချအမျှပေးဝေခဲ့သည်ဟုဆိုသည်။

ဆရာတော်ဘုရားကြီးက အလှူပြုလုပ်ရခြင်း၏ ရည်ရွယ်ချက် ကို ယခုကဲ့သို့မိန့်ကြားခဲ့သည်။



Photo: SHAN

အလှူအတန်းပြုလုပ်ရာပါပေါက်ကျောင်း

**“လွှန်ခဲ့တဲ့ရာထောင်စုနှစ်ကတည်းကရှိခဲ့ပြီး မိဘဘိုးဘွားများ လက်ထက်အဆက်ဆက်လက်ဆင့်ကမ်းကျင့်သုံးခဲ့တဲ့ မိမိတို့ရဲ့ သျှမ်းရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ယနေ့မျိုးဆက်လူငယ်တွေသိရှိပြီး၊ နောင်လာမဲ့ မျိုးဆက်လူငယ် များအထိ မိမိတိုင်းပြည် နဲ့လူမျိုးအတွက် ကိုယ်ခန္ဓာနဲ့ အသက်တွေစွန့်လှူ ပေးဆပ်သွားခဲ့ကြတဲ့ သျှမ်းမျိုးချစ်ခေါင်းဆောင်များရဲ့ဂုဏ်ကျေးဇူးကို အစဉ်အောက်မေ့ သတိရနေစေဖို့ ဖြစ်ပါတယ်”**

သျှမ်းရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ သီတင်းကျွတ်လဆန်း ၁ ရက်နေ့မှစ၍ ကွယ်လွန်သွားပြီးသူများအားရည်စူး၍ ကျန်ရစ်သူမိသားစုမှအလှူအတန်းပြုလုပ်ပေးသည့်ဓလေ့ ယနေ့တိုင်ရှိနေဆဲဖြစ်သည်။ ထိုသို့အလှူပြုလုပ်ပေးခြင်းအပေါ် ကွယ်လွန်သူများသည် မကောင်းသည့်ဘုံဘဝတွင်ရှိနေပါက ကောင်းရာမွန်ရာဘုံသို့ရောက်ရှိစေပြီး၊ နိမ့်ကျသည့်ဘုံဘဝတွင်ရှိနေပါက မြင့်မြတ်သည့်ဘုံဘဝသို့ ရောက်ရှိစေသည်ဟု ယုံကြည်မှုများရှိကြသည်။

ထိုအလှူပွဲတွင် လက်ရှိထိုင်းဘုရင်မင်းမြတ်၏မယ်တော် ဆုမ်တိတ်ယာ့ နှင့်စဝ်နရေးဆွန်မဟာရာဇာစသောမင်းမျိုးမင်းနွယ်များအားလည်း ရည်စူး၍အလှူများပြုလုပ်ပေးခဲ့ကြောင်း၊ ဤလိုအလှူများကို ဆုမ်တိတ်ယာ့ နတ်ရွာစံပြီးသည့်နှစ်မှစ၍ပြုလုပ်ခဲ့ရာ ယခုနှစ်ပြုလုပ်သည့်အလှူသည် အကြီးကျယ်ဆုံးဖြစ်သည်ဟုသိရသည်။အဆိုပါအလှူပွဲသို့သွားရောက်ခဲ့သူများမှ ၎င်းတို့၏မိဘဆွေမျိုးများအားရည်စူး၍အလှူဒါနများပြုလုပ်ပေးခဲ့ကြကြောင်း၊ ဆရာတော် ဘုရားကြီးဦးဆောင်သောအလှူပွဲသို့ တက်ရောက်သူ ဦးရေ ၂၀၀ ခန့်ရှိကြောင်း ဆိုသည်။

အလားတူ ဝိန်းဟဲန်မြို့နယ် ပိန်းလုံကျေးရွာအုပ်စု ပိန်းလုံရွာတွင်လည်း ကွယ်လွန်သွားပြီးဖြစ်သော တော်လှန်ရေးခေါင်းဆောင်များအားရည်စူး၍ ၎င်းတို့၏သားသမီးဆွေမျိုးများက ပိန်းလုံဘုန်းကြီးကျောင်းတွင်လှူဒါန်းပေးခဲ့သည်ဟုဆိုသည်။ ❑

# မိုးရက်ဆက်ရွာသွန်းမှုကြောင့် တောင်ကြီး–ကျိုင်းတုံ ကားလမ်းပြတ်တောက်

ပြီးခဲ့သော ၇–၉/၁၀/၂၀၀၆ နေ့က (၃) ရက်ဆက်တိုက် အဆက်မပြတ်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သျှမ်းပြည်တောင်ပိုင်း လွိုင်လင်–မိုင်းပွန်အကြား ကားလမ်းမှာ တောင်ပြို၊ တံတားကျိုးပြီး သွားလာမရဖြစ်နေကြောင်း တောင်ကြီးသို့ကျောင်းတက်ရန်သွားသည့် ကွန်ဟိန်း၊ နမ့်စန်၊ ခိုလမ် မှ ကျောင်းသူ/သားများ လမ်းတစ်ဝက်နှင့်ပင် နေရပ်ရင်းသို့ပြန်လာခဲ့ရကြောင်း သိရသည်။

ဖြစ်ပွားသည့်နေရာမှာတောင်ကြီး–ကျိုင်းတုံကားလမ်းမကြီးပေါ်ရှိ လွိုင်လင်မြို့နှင့်မိုင်းပွန်မြို့အကြား လမ်းဘေးတလျှောက်ရွာများဖြစ်သော **ခေါင်းနွဲ့ရွာနှင့် ပန်ခေါက်ဝိုးရွာတဝိုက်** တွင် တောင်ပြိုခြင်း၊ သစ်ပင်များလဲကျခြင်း၊ ကားလမ်းကမ်းပါးများမြေပြိုခြင်းတို့အပြင် မိုင်းပွန်မြို့အနီးရှိ တံတားလည်းပျက်သွားပြီး ၁၁–၁၀–၀၆ ရက်နေ့အထိသွားလာအသုံးပြု၍မရသေးဟုဆိုသည်။

ထိုအပေါ် သေခံအာဏာပိုင်များက တစုံတရာကူညီပြုပြင်ပေးခြင်းမရှိသည့်အပြင် အနီးအနားရှိကျေးရွာလူထုကို အခမဲ့လုပ်အားခိုင်းစေခဲ့သည်။ ရွာသားများမှာ ၎င်းတို့၏အလုပ်အကိုင်များကိုထားကာ မြေတူး၊ သယ်ပို့ခြင်း၊ သစ်ပင်ခုတ်ဖြတ်ခြင်းများ အခမဲ့သွားရောက်လုပ်အားပေးကြရသည်ဟု ဆိုသည်။

ထို့ပြင်လွန်ခဲ့သည့် ဩဂုတ်လလယ်ပိုင်းမှစ၍ ကွန်ဟိန်းမြို့နယ်အတွင်းရှိ ကျေးလက်တောရွာအနှံ့အပြား ခိုလမ်ရွာအထိ မိုးတွင်းကာလ မျက်စိနာရောဂါများကူးစက်ပြန့်ပွားလျှက်ရှိသည်။ နအဖ ကျန်းမာရေးဌာနမှ သက်ဆိုင်ရာအာဏာပိုင်များကလည်း မည်သို့မျှကူညီကုသပေးခြင်းအလျဉ်းမရှိသဖြင့် ပြည်သူတို့မှာ ကိုယ့်အားကိုယ်ကိုးကာ ကုသကြရပြီး သက်သာလိုက်၊ ပြန်ဖြစ်လိုက်ဖြစ်နေကြောင်း၊ နံနက်စောစောရေထချိုးသူများသာ အမြန်ပျောက်ကင်းကြသည်ဟု ဆိုသည်။ ❑



## "ဂေါပကအဖွဲ့" အမည် ရှေ့ဆက်မသုံးရ

သျှမ်းပြည်အရှေ့ပိုင်း တြိဂံတိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် မှ ကျိုင်းတုံမြို့ရှိ သာသနာရေးဆိုင်ရာဌါနများအားလုံးထံ "ဂေါပကအဖွဲ့" အစား "သာသနာ့နုဂ္ဂဟအသင်း" ဟု ပြောင်းလဲခေါ် ဝေါ် သုံး စွဲသွားရန် ၂၆–၉–၀၆ ရက်နေ့က ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်ဟု ဒေသခံ တစ်ဦးက ၁–၁၀–၀၆ ရက်နေ့၌ သျှမ်းသံတော်ဆင့်ကိုပြောခဲ့သည်။

## နအဖမှ ပြည်ပသို့သွားရောက်အလုပ်လုပ်သူများ စာရင်းကောက်

၉–၉–၀၆ ရက်နေ့က ကျိုင်းတုံမြို့ လဝက မှပြည်သူလူထုထံ ကွင်းဆင်းကာ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်နေသူများ၏ အမည်စာရင်းကို လိုက်လံကောက်ယူနေကြောင်း၊ ပြည်ပသို့သွား ရောက်အလုပ်လုပ်ကိုင်နေသူများကို သုံးနှစ်သာခွင့်ပြုမည်ဖြစ်ပြီး၊ အခွန်ငွေ ၁ ဦးလျှင် ၁ နှစ် ၁ သိန်းနှုန်း၊ ၃ နှစ်စာ ၃ သိန်း တစ်ခါတည်း ပေးဆောင်ကြရမည်ဖြစ်သည်။ ၃ နှစ်ပြည့်ပြီးပါက မြန်မာပြည်သို့ပြန် လာကာ ပတ်စပို့ သက်တမ်းတိုး၍ နောက်တကြိမ်ပြန်လည်ထွက်ခွာ အလုပ်လုပ်နိုင်ကြောင်း ဒေသခံအာဏာပိုင်များကဆိုသည်။ သို့သော် လည်း မိဘဆွေမျိုးများမှာ ၎င်းတို့သားသမီးများပြန်လာပါက နအဖ ၏ခွင့်ပြုချက်မရပဲ ပြည်ပသို့ခိုးထွက်မှုနှင့် ပြစ်ဒဏ်ပေးမည်ကိုင၊် ပြန် လည်သွားခွင့်မပြုတော့မည်ကိုင၊် စိုးရိမ်နေကြကြောင်း ကျိုင်းတုံမှ ခိုင်လုံသော သတင်းရပ်ကွက်က ဆိုသည်။

## ၂၀၀၆ ခုနှစ်တွင် ဘိန်းစိုက်သူ ယခင်ထက်ပိုမိုများပြား

သျှမ်းပြည်အရှေ့ပိုင်း မိုင်းပြင်းဒေသတွင် ဝန်တင်မြင်းပိုင်ရှင် နွားပိုင်ရှင်များက တရုတ်မှလာသော ဓါတ်မြေသြဇာများကို လက်ဖက် ခြံရှိရာတောင်ပေါ်သို့ အများအပြားတင်ဆောင်နေကြောင်း၊ နအဖ မှသော်လည်းကောင်း၊ ရှမ်းပြည်တပ်မတော်ဘက်မှသော်လည်းကောင်း ဤသို့ဘိန်းစိုက်ပျိုးနေမှုနှင့်ပတ်သက်၍ တစုံတရာဟန့်တားခြင်းများ မပြုလုပ်သဖြင့် မိုင်းပြင်းဒေသတွင်ဘိန်းအထွက်နှုန်း ပိုမိုတိုးပွား နိုင်ဖွယ်ရှိကြောင်း ဒေသခံတစ်ဦးကဆိုသည်။

## ကျိုင်းတုံမြို့ခံပြည်သူများ ကြံ့ဖွံ့အသင်းဝင်ရန် ဖိအားပေးခြင်းခံရ

၁၉–၉–၀၆ ရက်နေ့က သက်ဆိုင်ရာအာဏာပိုင်များက တိုင်းမှူး၏ အမိန့်ဖြင့် ကျိုင်းတုံမြို့ ကျိုင်းခုန်ရွာ ရပ်ကွက် (၁)ရှိ အသက် ၁၈ နှစ်မှ ၅၀နှစ်အတွင်း ကျား၊ မ မရွေး ရွာသားများအားလုံး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ မဝင်မနေရ အတင်း အဓမ္မအသင်းဝင်ခိုင်းခြင်းခံခဲ့ကြရသည်။ အခြားအနီးအနားရှိကျေးရွာ အုပ်စုများတွင်လည်း ထိုသို့ဖိအားပေးခြင်းခံကြရပုံရသည်ဟု ဒေသခံ တစ်ဦးကဆိုသည်။

## မန္တလေးရေဘေး



Photo: AFP

မြင်ဖူးသည်ကိုထား၍ ကြားပင်မကြားဖူးသော မြန်မာပြည်ဒုတိယ မြို့တော် မန္တလေး ရေလွှမ်း နေပုံကို ၁၁၊ ၁၀၊ ၂၀၀၆ နေ့က ဝေဟင်မှ တွေ့ရသော မြင်ကွင်းဖြစ်သည်။ (AFP)

အနည်းဆုံးလူ ၁၀ ယောက်ခန့်သေဆုံးခဲ့ပြီး ၃ ယောက်ပျောက်ဆုံးခဲ့သည်ဟု နအဖ ဝါဒဖြန့် ယန္တရားများကဖေါ် ပြခဲ့သော်လည်း ထိုထက် ပိုမိုများပြားလှသည် ဟုဆိုသည်။ မြန်မာပြည် အလယ်ပိုင်းနှင့် အရှေ့ပိုင်းနေရာဒေသ တော် တော်များများတွင် မိုးကြီး မြစ်ချောင်းများ ပြည့် လျှံရေလွှမ်းခဲ့သော်လည်း နအဖ ထိပ်သီးကြီးများအဖို့ အနေသာကြီးပင်။

# အခြေခံဥပဒေ နှစ်ခု ကွာခြားမှု

နဝတ–နအဖ ၁၃ နှစ်မာရသွန် အခြေခံဥပဒေနှင့် ကွဲပြားခြားနားသော ထိုင်းအာဏာသိမ်းစစ်အုပ်စု၏ အခြေခံဥပဒေ၊ လမ်းညွှန်မြေပုံ **(Road Map)**




၁၀၊၁၀၊၀၆ ဘန်ကောက်ပို့စ်သတင်းစာ မှဉာဏ်မိုးသ၍ ဆီလျော်အောင် ဘာသာပြန်သည်။

## ထိုင်းနိုင်ငံအခြေခံဥပဒေသစ်ဖန်ဆင်းရေးအတွက် အမျိုးသားညီလာခံပုံစံ



## ယာယီကြားဖြတ်ထိုင်းအစိုးရ၏ (ရင်ခွင်ပိုက်) ဒီမိုကရေစီ ပြုပြင်ပြောင်းလဲ ရေး CDR သရုပ်သကန်

အာဏာကွန်ချာနှင့် နိုင်ငံရေးအဆောက်အအုံယှက်နွယ်ဆက်သွယ်ပုံ

*၂၀၀၆ ယာယီနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရနှင့်အမျိုးသားလုံခြုံရေးကောင်စီ (CNS) တို့၏ အမိန့်ကြေငြာစာညွှန်ကြားချက်များအရ*

**အမျိုးသားလုံခြုံရေးကောင်စီ (CNS)**

စည်းမျဥ်းခံဘုရင်စနစ် ဒီမိုကရေစီ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေး ကောင်စီ CDR မှ ပုံစံပြောင်းထားခြင်းဖြစ်



ဗိုလ်ချုပ်ကြီး ဆွန်ထိဘွန်းယရတ့်ကလင်း
CDR ဥက္ကဋ္ဌ

- လေတပ်ဦးစီးချုပ်
- ရေတပ်ဦးစီးချုပ်
- ပုလိပ်တပ်ဖွဲ့ဦးစီးချုပ်
- ကာကွယ်ရေးဝန်ကြီး အမြဲတမ်းအတွင်းဝန်
- လက်နက်ကိုင် တပ်အားလုံး၏ ဦးစီးချုပ်
- ကြည်းတပ်ဦးစီးချုပ်
- ဒု ကြည်းတပ်ဦးစီးချုပ်

**ဥပဒေပြုအဖွဲ့**

အမျိုးသားဥပဒေပြုလွှတ်တော် (၂၅၀ ဦးထက်မပို) ပြည်သူ့လွှတ်တော်၊ အထက်လွှတ်တော်နှင့် ပါလီမံတွင်တာဝန်ယူ

- အခြေခံဥပဒေမူကြမ်းရေးဆွဲရေး လွှတ်တော် (၁၀၀) ဦး
- အခြေခံဥပဒေ ရေးဆွဲရေး (၃၅) ဦး ကော်မရှင်

**စုံစမ်းစီစစ်ရေးအဖွဲ့**

**CDR ဥက္ကဋ္ဌမှရွေးချယ်**

- အမျိုးသားခြစားမှုဆန့်ကျင်ရေးကော်မရှင် NCCC
- နိုင်ငံတော်ဘဏ္ဍာစီစစ်ရေးအုပ်ချုပ်မှုအဖွဲ့ SAG
- ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှု စီစစ်ရေးကော်မတီ
- အခြေခံဥပဒေဆိုင်ရာ တရားရုံး

**ဖျက်သိမ်းခြင်းမခံရသော မူလအဖွဲ့အစည်း**

- အမျိုးသားလူ့အခွင့်အရေးကော်မတီ
- နိုင်ငံရေးရာထူးရှိသူများဆိုင်ရာ ရာဇဝတ်မှုတရားရုံး
- ရွေးကောက်ပွဲကော်မရှင်
- အုပ်ချုပ်ရေးဆိုင်ရာတရားရုံး
- ပါလီမန်ဆိုင်ရာ နိုင်ငံတော်စီစစ်ရေးအဖွဲ့
- အမျိုးသားစီးပွါးရေးနှင့် လူမှုရေးဆိုင်ရာ အကြံပေးလွှတ်တော်

**အုပ်ချုပ်စီမံကွပ်ကဲရေးအဖွဲ့**



ဗိုလ်ချုပ်ကြီး ဆူရယုဒ်ဂျူးလားနွန်း (၃၅ ဦးထက်မပိုသော အစိုးရဝန်ကြီးအဖွဲ့)

**အခြေခံဥပဒေမူကြမ်းရေးဆွဲရေးလွှတ်တော်နှင့် အခြေခံဥပဒေရေးဆွဲ ရေး ကော်မရှင်**

**အမျိုးသားညီလာခံ (၂၀၀၀) ဦးထက်မပို**

အစိုးရဝန်ထမ်းများအပါအဝင် ဒေသကြီးနှင့် ခရိုင်အသီးသီးမှ မဲပေးခွင့်ရှိသူ တစ်ယောက်လျှင် ၃ ဦးစီရွေးချယ်၊ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေးလွှတ်တော်အတွက် လက်ရွေးစင် ၂၀၀ ဦးတင်သွင်း

**အခြေခံဥပဒေရေးဆွဲရေး လွှတ်တော် (၁၀၀ ဦး)**

CDR ၏ ၂၀၀ ထဲမှ ၁၀၀ ဦးကို တဖန်ရွေးချယ်တင်သွင်း

**အခြေခံဥပဒေရေးဆွဲရေးကော်မရှင် ၃၅ ဦး**

- အခြေခံဥပဒေမူကြမ်းရေးဆွဲရေးလွှတ်တော် ၁၀၀ ထဲမှ ၂၅ ဦးပြန်ရွေး (၄င်းလွှတ်တော်မှဖြစ်စေ၊ အပြင်လူဖြစ်စေရွေးချယ်နိုင်)
- CDR (သို့) CNS မှ ၁၀ ဦးရွေးချယ်တင်သွင်း

## အပြောင်းအလဲ သည်သာထွက်ပေါက်

နိုင်ငံကိုအုပ်ချုပ်ခေါင်းဆောင်မဲ့ ဝန်ကြီးချုပ်သစ်ဟာအောက်ပါ အချက်အလက်(၁၀) ချက်အတိုင်း လိုက်နာကျင့်သုံးရပါမယ်။

၁) ရိုးသားမြင့်မြတ်တဲ့ စိတ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်တရားရှိရမယ် Ethics

၂) နိုင်ငံရေးစနစ် ပြုပြင်ပြောင်းလဲမှုလုပ်ရမယ်။ Political Reform

၃) စေတနာမှန်ကန်မှု (သို့) ဖြောင့်မတ်မှုရှိမယ်။ Sincerity

၄) ကိုယ်ထူကိုယ်ထ သမာအာဇီဝ အသက်မွေးဝမ်းကျောင်း sufficiency economy ကိုအားပေးပံ့ပိုးတဲ့လုပ်ငန်းနဲ့ ပြည်တွင်း လူထုကိုစိတ်ချမ်းသာမှုပေးနိုင်စွမ်းရှိရမယ်။ Gross Domestic Happiness

၅) စိတ္တဒုက္ခ၊ ကာယဒုက္ခအတွင်း ကျရောက်နေတဲ့ပြည်သူကို လွတ်မြောက်အောင်ကယ်တင်ပြီး ကျက်သရေဂုဏ်သိက္ခာနဲ့ ကာယ စိတ္တသုခပေးနိုင်စွမ်းရှိရမယ်။ Freedom from suffering

၆) လူထုရဲ့စိတ်နေသဘောထား၊ စိတ်အားထက်သန်မှုကိုမြှင့်တင်ဖို့ လူ့ကိုယ်ကျင့်သိက္ခာလျော့ရဲစေတဲ့ပညာရေးစနစ်ကိုပြုပြင်ဖါထေးရမယ်။ Morality by Education reform



၇) ပဋိပက္ခ အကြမ်းဖက်မှုကို အဖြေရှာရှောင်ရှားပြီး အဟိံသဓမ္မတရား လက်ကိုင်ထားရမယ်။ Conflict Resolution & Violence Avoidance

၈) ကဏ္ဍသစ်၊ ခေတ်သစ်၊ လူ့အဖွဲ့အစည်းသစ်နဲ့ လိုက်လျော ညီထွေဖြစ်အောင် တရားမျှတမှု ယုတ္တိဓမ္မအတွက် တရားဥပဒေ စိုးမိုးရေးစနစ်က ပြုပြင်ရမယ်။ Rule of law reform to cope with new era and new society

၉) နိုင်ငံတကာမြင်ကွင်းမှာ တိုင်းပြည်အတွင်း တန်းတူညီမျှမှုနဲ့ နိုင်ငံ့သားကောင်းဂုဏ်သိက္ခာအတွက် ပျိုးထောင်လုပ်ဆောင်ရမယ်။ Domestic Equality & Dignity

၁၀) နိမ့်ကျနေတဲ့ တမျိုးသားလုံးရဲ့ အရည်အချင်းအစွမ်းအစကို ပြန်လည်ထူထောင်ရမယ်။ National capability rebuilding

***ဒေါက်တာ ပရဝေ့သ် ဝဆီ၊ ဂုဏ်သရေရှိနိုင်ငံသား (Senior Citizen) မဟိဒေါလ်တက္ကသိုလ်၊ ဘန်ကောက် 3/9/2006 ဟောပြောပွဲမှ***




ချစ်ကြည်ရေးဂျာနယ် အမှတ်စဉ် (၃) မှ

ဆောင်းပါး

# ကျနော်နဲ့ အမတ် ၂ ဦး

၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ၁၉၉၃ ခုနှစ်တွင် ရန်ကုန်တိုင်း တိုင်းမှူးဗိုလ်ချုပ်မျိုးညွန့်ဦးစီးကာ အမျိုးသားညီလာခံစတင်ကျင်းပခဲ့သည်။ ညီလာခံစတင်ကျင်းပစဉ်က အပစ်ရပ်အဖွဲ့များ၊ ကြံ့ဖွံ့ကိုယ်စားလှယ်၊ အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ဖိတ်ကြားသင့်သူများ စသည့်အမည်အမျိုးမျိုးဖြင့် ခေါင်းညိတ်လက်ခုပ်တီးမည့်သူများအား စိတ်ကြိုက်ခေါင်းခေါက်ရွေးချယ်ပြီး ညီလာခံသို့တက်ရောက်စေခဲ့သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟုဆိုကာ ယခင်ရှိနှင့်ပြီးသား ဥပဒေစာအုပ်များကို လိုသလိုဖြတ်၊ ညှပ်၊ ကပ်ထားသောမူကြမ်းသာဖြစ်သည်။နိုင်ငံရေးဦးတည်ချက် (၆) ရပ်နှင့်အခြေခံမူ(၁၀၄)ချက်ကို အတင်းအကြပ်ထည့်သွင်းလာခြင်းကြောင့် ဒီမိုကရေစီစနစ်နှင့်လုံးဝညီညွတ်မှုမရှိကြောင်း NLD မှ အပြင်းအထန် ကန့်ကွက်၍ ညီလာခံကိုကြောခိုင်းထွက်ခွါခဲ့သည်။ ထို့ကြောင့်ပြည်သူ့ဆန္ဒမပါ၊ ရွေးကောက်ခံကိုယ်စားလှယ်များ မပါဝင်တော့ပဲရေးပြီးသား စာတမ်းနားထောင်ပွဲတခုအဖြစ်သာရှိနေခဲ့တော့သည်။ ညီလာခံကိုယ်စားလှယ်များကိုလည်း အစုအဖွဲ့များခွဲပြီး သီးခြားလွတ်လပ်စွာဆွေးနွေးတိုင်ပင်ခွင့်ပိတ်ပင်ကာ စစ်ထောက်လှမ်းရေးမှ တင်းကြပ်စွာစောင့်ကြပ်စေခဲ့သည်။



Photo: Manager

ညီလာခံတက်ရောက်သူတိုင်းရင်းသားကိုယ်စားလှယ်တစ်ဦး

စစ်အစိုးရသဘောကျရွေးချယ်ထားသော ကိုယ်စားလှယ်တဦးရှိခဲ့ပါသည်။၎င်းပုဂ္ဂိုလ်၏ဂုဏ်သိက္ခာကိုထောက်ရှုသောအားဖြင့်အမည်ရင်းကိုမဖော် ပြလိုပါ။ ဒေသတခုတည်းနေထိုင်ကြသူများဖြစ်သဖြင့် အကြောင်းအရာကိုတိကျစွာဖော် ပြပါမည်။သူသည်ရခိုင်ပြည်ကျောက်ဖြူမြို့ပေါ်မှ စစ်အစိုးရ၏နာရီစင်တည်ဆောက်ရေးအတွက် တဦးတည်းအလှူရှင်ဖြစ်ပြီး မြို့၏အချမ်းသာဆုံးလူများအနက် ကုဋေ ကြွယ်သူဌေးကြီးတဦးဖြစ်သည်။ ငွေတိုးချေးသောလုပ်ငန်းကို ကြီးမားကျယ်ပြန့်စွာလုပ်သည့်အလျောက်နာမည်ကျော်တဦးလည်းဖြစ်သည်။ ၎င်းအားလွှတ်တော်ကိုယ်စားလှယ်အဖြစ်ဖိတ်ကြားသဖြင့် ညီလာခံတက်ရောက်ခွင့်ရခဲ့သည်။ သူဌေးကြီးညီလာခံတက်သောအခါ အနီးအနားရှိကိုယ်စားလှယ်တဦးအား မိမိအိပ်ငိုက်စဉ်လက်ခုပ်တီးရန် အချိန်မီလက်တို့နှိုးပေးရန်မှာကြားပြီးအိပ်နေခဲ့သည်။ အတန်ကြာသောအခါ သူဌေးကြီးလက်အားမမျှော်လင့်ပဲထိမိသွားသဖြင့် သူဌေးကြီးမှာ လက်ခုပ်တီးရန်နှိုးသည်အထင်ဖြင့် တဦးတည်းအားရပါးရ လက်ခုပ်တီးပါလေတော့သည်။ နေ့လည်ညီလာခံခေတ္တရပ်နားချိန်တွင် ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မျိုးညွန့်မှခေါ်ယူစစ်ဆေးပြီး အပြင်းအထန်ငေါက်ငန်းပြောဆိုလိုက်ကြောင်းသိရ၍ ကြားရသူတိုင်းဝါးလုံးကွဲရယ်ခဲ့ကြရသည်။

နောက်တဦးမှာ မဆလ ခေတ် ၁၉၈၀ ပြည့်လွန် ဝန်းကျင်ကပါတီညီလာခံသို့ ရခိုင်ပြည်အမ်းမြို့နယ်မှ ပါတီကိုယ်စားလှယ် ဦးထွန်းအောင်ကျော် ဆိုသူတက်ရောက်ခွင့်ရခဲ့သည်။ ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းမှ တိုင်းပြည်တိုးတက်ရေးအတွက် ဒေသအလိုက်၊ ပြည်နယ်အလိုက်တင်ပြခိုင်းသဖြင့် ဦးထွန်းအောင်ကျော်မှ အားရပါးရအဆိုတခု တင်သွင်းခဲ့သည်။ ရခိုင်ရိုးမတွင် သစ်ဝါးအမျိုးမျိုးမြောက်များစွာရှိသဖြင့် စက္ကူစက်နှင့် အထပ်သားစက်ရုံ၊ မီးခြစ် စက်ရုံများတည်ဆောက်ပါက ကမ္ဘာ့အကောင်းဆုံးစက္ကူနှင့်အထပ်သားများရရှိမည်ဖြစ်ပြီးတိုင်းပြည်အတွက်နိုင်ငံခြားဝင်ငွေလည်းတိုးလာနိုင်သည့်အပြင် ဒေသခံတိုင်းရင်းသားများလည်းအလုပ်အကိုင်ရရန်အခွင့်အလမ်းရှိလာနိုင်ကြောင်းတင်ပြခဲ့ပါသည်။

ညီလာခံပြီး၍ မိမိနေအိမ်သို့ပြန်ရောက်လာသောအခါ ဇနီးသည်မှစာအိပ်ရှည်တအိပ်ကမ်းပေးပြီးဖတ်စေပါသည်။၎င်းမှတင်ပြသောရက်စွဲဖြင့် ဒေသပါတီကော်မတီ၊ ပါတီကိုယ်စားလှယ်နှင့် မဆလ ပါတီဝင်အဖြစ်မှရပ်စဲကြောင်း လူမရောက်ခင် စာရောက်ရှိနှင့်ပြီးဖြစ်နေပါသည်။

ကမ္ဘာ့အချိန်အကြာဆုံး၊ စစ်အာဏာတည်မြဲရေး၊ နိုင်ငံရေးလမ်းပြမြေပုံ(၇)ချက်အနက် တချက်မှအပြီးမသတ်နိုင်သေးသော၊ ၁၃ နှစ် မာရသွန်စာတမ်းဖတ်ထောက်ခံပွဲကြီးအား သန်းငါးဆယ်ကျော်မြန်မာပြည်သူများလည်းလက်မခံ၊ ကမ္ဘာကလည်းအသိအမှတ်မပြုကြပါ။ ထို့အပြင် အာဏာရှင်တို့ထင်ရာလုပ်နိုင်သော အခြေခံဥပဒေမူကြမ်းကို ပြည်သူများအား အတင်းအဓမ္မထောက်ခံခိုင်းမည့်အပြင်၊ အိပ်ငိုက်ရာမှလက်ခုပ်ထတီးမည့် နိုင်ငံရေးမသိကိုယ်စားလှယ်များမည်မျှရှိနေကြဦးမည်ကို စဉ်းစား၍သာကြည့်ကြပါကုန်။

ခိုင်ကျော်သောင်း (၈၈) မျိုးဆက်
၁၂၊ ၁၀၊ ၂၀၀၆

# ဝေဖန်ရေးအမြင်မှ တိုးတက်ရေးသို့

ရဲဘော် ကျော်မြထူး (VOB #338) P-12



ကျနော်တို့ နိုင်ငံရေး တော်လှန်ရေးအဖွဲ့ အစည်းများတွင် ဝေဖန်ရေးအမြင်သည် မရှိမဖြစ်လိုအပ်နေပေသည်။ အရေးလည်း ပါလှပါသည်။ ကျနော်တို့ လူ့အဖွဲ့အစည်းတွင်ဝေဖန်ရေးဆိုသည်မှာ အကောင်းအဆိုး နှစ်မျိုးစလုံးဖြစ်နိုင်သော်လည်းတိုးတက်ရေး အတွက် အစဉ်ရှေးရှုသောဝေဖန်ရေးသည် ကောင်းမွန်သည့် အပြုသဘောဆောင်သော ဝေဖန်ရေးဟုလည်းခေါ်ဆိုနိုင်ပေသည်။

ကျနော်တို့လူ့အသိုင်းအဝိုင်း၊ အဖွဲ့ အစည်းအသီးသီးသည် သူတပါး၏အားနည်း ချက်ကိုအခွင့်ကောင်းယူပြီး ဝေဖန်ရေးအတွက် အသုံးချ၍ အကွက်ကောင်းစောင့်လျက် တိုက် ခိုက်ကြပါသည်။ ထိုကဲ့သို့သောဝေဖန်ရေးမှာ အဖျက်သဘောဆောင်သည့်ဝေဖန်ရေးမျိုးဖြစ် ပြီးပျက်စီးပြိုကွဲမှုဖက်ကို ဦးတည်နေပေသည်။

ကျနော်တို့ တော်လှန်ရေးနိုင်ငံရေးအဖွဲ့ အစည်းများတွင် တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့် တစ်ဖွဲ့ တိုးတက်မှုအတွက် ဒီမိုကရေစီနည်း လမ်းကျကျဝေဖန်ရေးကိုအသုံးပြုတတ်ဖို့လို၏။ ဝေဖန်ရေး၏အကျိုးရလဒ်သည် ပြုပြင်ရေးကို ဦးတည်စေပြီး တိုးတက်မှုကို ရှေးရှုစေပါသည်။ တော်လှန်ရေး အဖွဲ့အစည်းများအတွင်း အစည်းအဝေးများတွင် အတွေးအခေါ် အယူ အဆပိုင်းဆိုင်ရာ အားနည်းချက်များကို တင်ပြဆွေးနွေးနိုင်ကြရမည်။ ထိုဆွေးနွေးပွဲများ မှထွက်ပေါ်လာသောအကျိုးရလဒ်များသည် ရှေ့လုပ်ငန်းများချမှတ်ရာတွင်အထောက်အကူ များစွာရရှိမည်ဖြစ်သည်။ ကျနော်တို့ တော်လှန်ရေး ( ၁၈)နှစ်တာကြာလာသည်နှင့် အမျှ မည်မျှတိုးတက်မှုရှိခဲ့သနည်းဆိုသည်ကို ပြန်လည်သုံးသပ်ကြရပေမည်။ (၁၈) နှစ်တာ ကြာခဲ့သည်နှင့်အမျှအားနည်းချက်တွေလည်း များပြားခဲ့ပေသည်။ ထိုအားနည်းချက်များကို ဝေဖန်သုံးသပ်ကြရမည်။အဖွဲ့အစည်းတစ်ခုလုံး ကိုပြန်လည်သုံးသပ်ဝေဖန်ကြရမည်။မိမိကိုယ် ကိုဝေဖန်သုံးသပ်ကြဖို့လည်းလိုပေသေးသည်။

တစ်ဦးတစ်ယောက်ကိုထိုသို့ ဝေဖန် သည့် အခါတွင်သူ၏ကောင်းမွန်သောအချက် များကိုပထမ ဝန်ခံရလိမ့်မည်။ ထို့နောက်မှ သူ၏ချွတ်ယွင်းချက်များနှင့်ပျက်ကွက်ချက်များ ကိုဝေဖန်ရမည်။ ထိုနည်းလမ်းဖြင့်သာ တစ်ဦး နှင့်တစ်ဦးဝေဖန်ရေးကိုဝမ်းမြောက်စွာလက်ခံရ ပေလိမ့်မည်။ဤနည်းလမ်းဖြင့်သာလျှင်ဝေဖန်ရေး ၏ရည်ရွယ်ချက်အောင်မြင်လိမ့်မည်။ တော် လှန်ရေး နိုင်ငံရေးအဖွဲ့ဝင် ရဲဘော်တိုင်းသည် လမ်းညွှန်မှုကိုတွေဝေခြင်းမရှိပဲ ဆုပ်ကိုင်ထား ရမည်။

အမှန်နှင့် အမှားကို ဝေဖန်ပိုင်းခြားရ မည်။မိမိသဘောအလိုကျမဟုတ်ဘဲတော်လှန် ရေး (အဖွဲ့အစည်း) ၏ လမ်းညွှန်မှုအရ (အပြု သဘော)ထောက်ပြဝေဖန်ရဲရမည်။အားနည်း ချက်များကို အားသာချက်ဖြင့် အစားထိုးပေး ရမည်။ ချွတ်ယွင်းချက်ကို ပြင်ဆင်ချက်ဖြင့် အစားထိုးပေးရမည်။ ၎င်းသည် ဝေဖန်ရေး အမြင်မှအကျိုးရလဒ်ပင်ဖြစ်ပေသည်။ သို့ဖြစ် ၍ကျနော်တို့ဝေဖန်ရေးသည်လူ့အဖွဲ့အစည်း တိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်ပေသည်။ ဝေဖန်ရေးကိုကောင်းမွန်စွာအသုံးချတတ်လျှင် ဝေဖန်ရေး၏အကျိုးရလဒ်ကိုလည်းကောင်းမွန် စွာအသုံးချတတ်ပေလိမ့်မည်။ *"လူသည် လေနှင့်ရေ မရှိလျှင်အသက်မရှင်နိုင်"* သကဲ့ သို့ပင် တော်လှန်ရေးတစ်ရပ်သို့မဟုတ်တော် လှန်ရေးရဲဘော်တစ်ဦးအတွက်ဆိုလျှင်လည်း ဝေဖန်ရေးနှင့် ကိုယ့်ကိုယ်ကို ဝေဖန်ရေးမရှိလျှင် အသက်မရှင်နိုင်ပေ။

ဝေဖန်ရေးမရှိပါက လူ့အဖွဲ့အစည်းများ အတွင်း အမှိုက်သရိုက်များ ခိုအောင်းနေ ပေလိမ့်မည်။ ပုပ်သိုးနံစော်မှုများအဖွဲ့အစည်း ၏အခန်းတွင်း၌ရှိနေပေလိမ့်မည်။ ထိုညစ်ပတ် နံစော်မှုများကို ဝေဖန်ရေးဟူသော လက်နက် စွဲကိုင်ပြီး လူထု၏စူးရှသည့်အမြင်ဖြင့် အလင်း ရောင်ပေး၍ တိုက်ချွတ်ပေးကြရမည်။

ထို့ကြောင့် ဝေဖန်ရေးသည် အဖွဲ့အ စည်းအတွင်းမှားယွင်းမှုများဖေါက်ပြန်ဆွေးမြေ့ ယိုယွင်းပျက်စီးပြိုလဲမှုများကို အချိန်မီထိန်း သိမ်းနိုင်ပြီး တော်လှန်ရေးခရီးလမ်းကို တည့် မတ်လာစေပေသည်။ သို့ဖြစ်၍ကျနော်တို့ လူ့အဖွဲ့အစည်းအတွင်း ဖောက်လွဲဖောက် ပြန်ဖြစ်နေသောအတွေးအမြင်လုပ်ရပ်မှန်သမျှ ကိုထိရောက်စွာဝေဖန်ပိုင်းခြား ဖယ်ထုတ်ပစ် ရမည်။ တိုးတက်မှုကို နှောင့်နှေးစေသော အဖျက်အဆီး ခလုတ်ကန်သင်းများကို ကျော် လွှားဖြတ်သန်းနိုင်ရပေမည်။

တော်လှန်ရေး နိုင်ငံရေးသမားတိုင်း မိမိ လုပ်ဆောင်ချက်များကိုအမှားအမှန်ခွဲခြမ်းစိတ် ဖြာပိုင်းခြားနိုင်သောလက်နက်မှာ ဝေဖန်ရေး ပင်ဖြစ်သည် မဟုတ်ပါလော။ တော်လှန်ရေး နိုင်ငံရေးအဖွဲ့အစည်းများ၌ လွဲမှားနေသည့် အသိအမြင် အတွေးအခေါ်ဟောင်းများရှိ ပါ က လုံးဝထုတ်ပယ်စွန့်ပစ်၍ပြုတ်သားသော ဝေဖန်ရေးအမြင်ဖြင့်ထက်မြက်သည့်တိုက်ပွဲဝင် ရဲဘော်တစ်ဦးဖြစ်လာစေရန် ဆန္ဒမွန်နှင့် ရေး သားလိုက်ရပါသည်။ ❑

**“ ผู้นำต้องลดสิทธิ หรืออย่างน้อย ต้องไม่ใช้สิทธิ พิเศษหรืออำนาจ พิเศษเพื่อ เอาเปรียบผู้อื่น ”**

**“ มีการตั้งคำถามว่าการพัฒนาเข้าสู่สังคมทุนนิยมจะมีผลทำให้ค่านิยมเรื่องจริยธรรมและศีลธรรมสูญหายไปหรือไม่ ”**



# ဓမ္မာဘိပါလ

ပြည်သူလူထုရဲ့ လူ့အဖွဲ့အစည်းလှုပ်ရှားရွေ့လျားမှုဟာ တကမ္ဘာလုံးမှာဖြစ်ပွါးပေါ်ပေါက်နေတဲ့ နိုင်ငံတကာ ချီတက်လှုပ်ရှားမှု ဖြစ်ပြီး ကမ္ဘာလွှမ်းပတ်ယှက်နွယ်မှု (Globalization) ရဲ့ လူ့အဖွဲ့အစည်းဆိုင်ရာ လှုပ်ရှားတက်လှမ်းမှုဖြစ်တယ်။ တချိန်ထဲမှာပဲ ဒီလှုပ်ရှားတက်လှမ်းမှုဟာ ဓမ္မာဘိပါလ ခေါ် အုပ်ချုပ်သူအစိုးရ မင်းတို့ရဲ့အခန်းကဏ္ဍကိုလျှော့ချတဲ့ စီမံခန့်ခွဲကြီးကြပ်မှုအပေါ် ထောက်ခံပံ့ပိုးနေတာဖြစ်တယ်။

တချိန်ထဲ တပြိုင်ထဲ ထောက်ခံပံ့ပိုးမှုရရှိနေတဲ့ အာဏာဖြန့်ကျက်မှု အတွေးအမြင်ဟာ ဗဟိုဦးစီးစနစ်လျှော့ပါးရေးနဲ့ အံ၀င်ဂွင်ကျဖြစ်ပြီး ဒေသတွင်းစီမံကွပ်ကဲရေးအဖွဲ့အစည်းတွေဆီ အာဏာဖြန့်ကျက်မှုအတွက် ဆုံးဖြတ်ချက်နဲ့လဲအကျုံး၀င်ပါတယ်။

ဓမ္မာဘိပါလ အတွေးအမြင် အယူအဆကို ထောက်ကူပံ့ပိုးတဲ့နေရာမှာ အဓိပ္ပါယ်ရှင်းလင်းချက်အပေါ် ပီပြင်စွာဖေါ် ပြထားပုံမှာ ဓမ္မာဘိပါလ ဆိုတာ

၁) ထင်သာမြင်သာရှိမှု Transparency
၂) တရားဥပဒေနှင့်အညီဖြစ်မှု Legitimacay
၃) အစစ်ဆေးခံ တာ၀န်ယူမှု Accountability
၄) ကြိုတင်ခန့်မှန်းတွက်ဆနိုင်မှု Predictability
၅) ပါ၀င်ပူးပေါင်းဆောင်ရွက်ခွင့်ရှိမှု Participation

စတာတွေရှိတဲ့ စီမံခန့်ခွဲမှု၊ ကြီးကြပ်ကွပ်ကဲမှုကို ဆိုလိုတာဖြစ်တယ်။

*“အရင်းရှင်စနစ် လူ့အဖွဲ့အစည်းကိုဦးတည်တဲ့ ဖွံ့ဖြိုးရေးဟာ စရိယဓမ္မ လူ့ဂုဏ်သိက္ခာအသိတရားနဲ့ သီလဓမ္မကိုယ်ကျင့်တရားတွေကို သေးသိမ်မှေးမှိန်စေသလား ဆိုတဲ့မေးခွန်းတွေရှိလာတယ်”*

*“ခေါင်းဆောင်ဆိုတဲ့လူတွေဟာ အခွင့်ထူးခံမှုတွေကို လျှော့ချသင့်တယ်။ ဒါမှမဟုတ် သူများတွေထက်တပန်းသာတဲ့ အထူးအခွင့်အရေးတွေကို မသုံးဖို့၊ ၀ိသေသ အာဏာတွေ မသုံးဖို့လိုအပ်တယ်။”*

**အောက်တိုဘာ ၁၄၊ ၁၉၇၄ ကျောင်းသားလှုပ်ရှားမှု အထိမ်းအမှတ်နေ့ ဘန်ကောက် Oct 14 Monument ၌ ၁၄၊ ၁၀၊ ၂၀၀၆ က ပြောကြားခဲ့သော ယခင် ချူလာလောင်ကွန်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အမရာဖုန်းဆာဖစ်၏ *“ထိုင်း၏အနာဂတ်နိုင်ငံရေးနှင့် လူ့အဖွဲ့အစည်းဆိုင်ရာတရားမျှတမှုအတွက် ဒီမိုကရေစီအရေးတော်ပုံ”* မိန့်ခွန်းမှ ကောက်နှုတ်ချက်။** ❑



# သံတွဲအကျဉ်းသား

## ၂၀၀၆ ဧပြီလ ...

သံတွဲပြည်သူ့ဆေးရုံကြီးတွင် ရှမ်းပြည်နိုင်ငံရေး အကျဉ်းသားတယောက် ဆေးဝါးကုသခံနေခြင်းကို ဆေးရုံဝန်ထမ်းအသိုင်းအဝိုင်းမှတဆင့်ကြားသိရသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ထိုနိုင်ငံရေးအကျဉ်းသားသည် ဆေးဝါးကုသခံယူနေရစဉ်အတွင်း ဆေးရုံဝန်ထမ်းများကိုပြည်ထောင်စုအကြောင်း၊ တိုင်းရင်းသားတို့ သွေးစည်းညီညွတ်ခြင်း၏ အထင်ကရဖြစ်သောပင်လုံညီလာခံ အကြောင်းတို့ကို စိတ်ဝင်စားဖွယ်ဟောပြောနေခြင်းဖြစ်သည်။ ထိုသတင်းမှာ ဆေးရုံအသိုင်းအဝိုင်းသာမကဘေးပတ်ဝန်းကျင်ပြည်သူလူထုအတွင်းပြန့်နှံ့နေသည်။

စာရေးသူလည်းထိုသတင်းကို ကြားသိရချိန်မှစ၍ဆေးရုံကြီးဆီသို့ချဉ်းကပ်မိသည်။ ထောင်အာဏာပိုင်နှင့် ရဲအစောင့်များချထားမှုကြောင့်ပထမအကြိမ်တွင်လွယ်ကူစွာ မဆုံတွေ့ရချေ။ ကံကောင်းမှုကိုဖန်တီးလာသည်မှာ သင်္ကြန်ရက်အတွင်းဖြစ်သည်။ အများသူငါသင်္ကြန်ပွဲတော်ဆင်နွှဲနေချိန်တွင် ဆေးရုံကြီးသည်လူသူနည်းပါးပြီး ရဲအစောင့်(၂) ယောက်သာရှိနေသည်။ ထို့ကြောင့် အဆိုပါရှမ်းပြည်နိုင်ငံရေးသမားကိုတွေ့ခွင့်ရခဲ့သည်။ အသက် (၅၅) နှစ်ဟုဆိုသော်လည်း ရောဂါဝေဒနာခံစားရမှုနှင့် ဆိုးဝါးသောအကျဉ်းထောင်တို့၏ဒဏ်ကြောင့် အသက်(၇၀) အရွယ်အဖိုးအိုပမာ ပေါ်လွင်နေသည်။ ပိန်သွယ်သွယ်ခန္ဓာကိုယ်ကို မမြှမတချည်နှောင်ထားသော သံခြေကျင်း၊ ခတ်ထားသောလက်ထိပ်(ကုတင်သံဘောင်နှင့်တွဲချည်လျက်)တို့နှင့် တွဲဖက်မြင်ရသူအဖို့ စိတ်မသက်သာစရာဖြစ်ရသည်။

သို့သော်ထို အကျဉ်းသား၏မျက်နှာသည်တည်ကြည်နေပြီး မျက်လုံးများကအရောင်တောက်နေပုံကိုထောက်ခြင်းအားဖြင့် စိတ်ဓါတ်ကြံ့ခိုင်နေပုံရသည်။ ညတိုင်းလိုလို ဆေးရုံ အလုပ်သမားများ၊သူနာပြုဆရာမများ၊ ဆရာဝန်ပေါက်စနှင့် အစောင့်ရဲသားလေးတို့ကို ပြည်ထောင်စု၏အနှစ်သာရနှင့် ပြည်ထောင်စုသန္ဓေတည်ရာ ပင်လုံညီလာခံအကြောင်းတို့ကို မမောမပန်းစိတ်ရှည်လက်ရှည်ပြောပြနေကြောင်း၊ ဆေးရုံဝန်ထမ်းတို့ကလည်း ထိုအကျဉ်းသားလူနာကို ခြေဆုပ်လက်နယ်ပြုစုပေးရင်း စိတ်ဝင်စားဖွယ်နားထောင်လေ့ရှိကြောင်း စုံစမ်းသိရှိခဲ့ရသည်။

သူ့နာမည်က ဦးမြင့်သန်း၊ ရှမ်းပြည်မျိုးဆက်သစ်လူငယ်အဖွဲ့ ခေါင်းဆောင်ဖြစ်သည်။ သူတို့အဖွဲ့ကို လွန်ခဲ့သော ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် ဖမ်းဆီးသည့်သတင်းကိုသတင်းထူးအဖြစ် ကြားသိခဲ့ပြီးပြီ။ ၂၀၀၅ ခု နိုဝင်ဘာလတွင်အင်းစိန်အထူးတရားရုံးက ရှမ်းပြည်မျိုးဆက်သစ်အဖွဲ့ဝင် များကို ထောင်ဒဏ် ၇၉ နှစ်စီ အသီးသီးအပြစ်ပေးခဲ့သလို ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦးနှင့် အပေါင်းပါတို့ကိုလည်း ထောင်ဒဏ် ၉၀ နှစ်ကျော်စီရင်ချက်ချလိုက်သည်ကို ကြားသိလိုက်ရသဖြင့်ကိုယ့်နားကိုပင်မယုံနိုင်အောင်ဖြစ်ခဲ့ရသည်။ နိုင်ငံရေးပြစ်မှု စီရင်ချက်သမိုင်းတွင် အပြင်းထန်ဆုံးနှိပ်ကွပ်မှုဖြစ်သည်။ စစ်အာဏာပိုင်တို့ကမူ ပြည်ထောင်စုဖြိုခွဲရန်ကြံစည်မှုဟုကင်ပွန်းတပ်ကာ ဝါဒဖြန့်ထားသည်။ နှစ်ရှည်ထောင်ဒဏ်များချမှတ်ပြီးပြီးချင်း အင်းစိန်ထောင်မှဝေးလံသောထောင်အသီးသီးသို့ပို့လိုက်ရာတွင် ရှမ်းပြည်မျိုးဆက်သစ်အဖွဲ့ ခေါင်းဆောင်ဦးမြင့်သန်းကို သံတွဲထောင်သို့ပို့လိုက်သဖြင့် စာရေးသူတို့မြို့ကို မဖိတ်ခေါ်ပဲရောက်ရှိလာသောနိုင်ငံရေးအကျဉ်းသားဧည့်သည်ဖြစ်ခဲ့ရသည်။

တိုက်ဆိုင်စွာပင်ရခိုင်ပြည်နယ်သို့အချိန်ကိုက်ရောက်လာသူတစ်ဦးမှာ ရှမ်းပြည်တောင်ပိုင်းတိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ဖြစ်သည်။ သူ့ကိုရာထူးချ၍အပို့ခံရခြင်းဖြစ်သည်။ နောက်ဆက်တွဲကြားသိရသည်မှာ ရှမ်းပြည်မျိုးဆက်သစ်အဖွဲ့ကိုအထက်အမိန့်အရ ဖမ်းဆီးသူမှာ ၎င်းဗိုလ်ချုပ်ခင်မောင်မြင့်ပင်ဖြစ်သည်ဟုသိရသည်။ ထိုတိုင်းမှူးလက်ထက်တွင် ရှမ်းပြည်ရှိတပ်ရင်းများမှ တပ်သားများအစုလိုက်ထွက်ပြေးမှုများပြားခြင်း၊ ငြိမ်းချမ်းရေးအဖွဲ့များအပေါ်တွင် သဘောထားပျော့ပြောင်းခြင်း၊ သမိုင်းဝင်ပင်လုံကျောက်တိုင်ကိုပြုပြင်မွမ်းမံခြင်းနှင့် နောက်ဆုံး ၂၀၀၅ခုနှစ်၊ ၅၈ ကြိမ်မြောက်ရှမ်းပြည်နယ် နေ့ အခမ်းအနားကို ကျင်းပခွင့်ပြုခြင်း စသည့်အကြောင်းများကြောင့် အထက်က ရာထူးချသည့်အနေဖြင့်ရခိုင်ပြည်သို့ပြောင်းရွှေ့လိုက်ခြင်း ဖြစ်ကြောင်းခိုင်လုံသော အထောက်အထားများအရ သိရှိခဲ့ရသည်။

ရှမ်းပြည်နိုင်ငံရေးအကျဉ်းသားများကို ဝေးလံသောဒေသများသို့စစ်အာဏာပိုင်တို့၏ အမိန့်ဖြင့်ပို့လိုက်ခြင်းသည် သက်ဆိုင်ရာဆွေမျိုးများနှင့်ဝေးသွားအောင်လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။ ယုတ်စွအဆုံး နိုင်ငံရေးအကျဉ်းသားများကိုအကူအညီပေးနေသောနိုင်ငံတကာကြက်ခြေနီအဖွဲ့ I.C.R.C ကိုပင်၂၀၀၅ ဒီဇင်ဘာလ နောက်ပိုင်းအကျဉ်းထောင် ၉၀ ဆီသို့ သွားရောက်ခွင့်ပိတ်ပင်ခဲ့သည်။ ထို့ကြောင့်လည်းနိုင်ငံရေးအကျဉ်းသားများ၏ကျန်းမာရေးမှာကူညီစောင့်ရှောက်မှုကင်းမဲ့ခဲ့ရသည်။

## ၂၀၀၆ ဧပြီလ (၂၃) ရက် ...

ထောင်သတင်းများအရ ဦးမြင့်သန်းသည်တရားထိုင်ရင်းအအေးမိကာ စတင်ဖျားနာခဲ့သည်။ အခန်းအတူနေအကျဉ်းသားများက ထောင်မှူးဦးဝင်းမြင့်ထံ အသိပေးအကြောင်းကြားခဲ့သော်လည်း အကြောင်းပြန်ကြားခြင်းမရှိ ခဲ့ပေ။မတ်လ ၂၅ ရက်နေ့တွင် ခန္ဓာကိုယ်ညာဘက်ခြမ်းလေဖြတ်သွားသည်။ ထိုအချိန်မှထောင်မှူး ဦးဝင်းမြင့်သည် အကျဉ်းဦးစီးဌာနမှတစ်ဆင့် နေပြည်တော် ခေါ် ကြပ်ပြေးဌာနချုပ်သို့အကြောင်းကြားခဲ့ရာမှ မတ်လ(၂၈)ရက်နေ့တွင်သံတွဲဆေးရုံကြီးသို့ မိမိကိုယ်ပိုင်စရိတ်ဖြင့်ဆေးကုသခွင့်ရခဲ့သည်။ ဆေးရုံရောက်ရှိပြီး တစ်ပတ်အကြာ လူနာအကျဉ်းသား၏ရင်ဘတ်ပေါ်တွင်ဖြစ်ပေါ်နေသောအကျိတ်ဖုကို စတင်ခွဲစိတ်ခဲ့သည်။ ထောင်တွင်းစစ်ဆေးနှိပ်စက်မှုကြောင့်ရရှိခဲ့သောဒဏ်ရာဖြစ်ကြောင်း ဆေးဖက်ဆိုင်ရာဝန်ထမ်းများကအတည်ပြုကြောင်းသိရသည်။ ခွဲစိတ်ရာတွင် သွေးကြောကိုထိသွားသဖြင့် နောက်တနေ့နံနက်တွင် စည်းထားသောပတ်တီးမှ သွေးများ

ယိုစိမ့်ခဲ့သည်။ ဆရာဝန်များ ကချက်ချင်းချုပ်ရိုးပြန်ဖြေ၍ သွေးကြောကို ပြုပြင်ပေးခဲ့သည်။အရေးပေါ် သွေးလိုအပ်သောကြောင့် သွေးပုလင်း (၅)ပုလင်း သွင်းရာတွင် သွေးလှူရှင်တစ်ဦးထံမှငှက်ဖျားပိုးပါသွားသည်။ ထိုသွေးလှူရှင်သည် ငှက်ဖျားဖြစ်ပြီးပျောက်ကင်းသည်မှာတစ်လသာရှိသေးသည်။ အကျဉ်းသားလူနာတစ်ဦးအရေးပေါ် သွေးလိုအပ်နေသည်ဆိုသောသတင်းကြောင့် ၄င်းက သွေးပေးလှူခဲ့ခြင်းဖြစ်သည်။သကြင်္န်ရက်အတွင်းစာရေးသူနှင့် ဦးမြင့်သန်း ဆုံတွေ့ခွင့်ရပြီးနောက်ပိုင်း မတွေ့ရတော့ချေ။လူနာ၏သတင်းကိုတော့ အမြဲ နားစွင့်နေခဲ့ရာ တောင်ကြီးမှ ဆွေမျိုးများက လာရောက်ပြုစုပေးနေကြောင်းကြားသိရ၍ စိတ်သက်သာခဲ့သည်။

## ၂၀၀၆ မေလ (၂) ရက် …

နိုင်ငံရေးအကျဉ်းသား၏ ဝေဒနာမှာ နောက်ဆုံးအခြေအနေရောက်နေပြီဟု ဆေးရုံဝန်ထမ်းများမှကြားသိရ၍ စာရေးသူလည်း မနေနိုင်တော့ဘဲဆေးရုံကြီးဆီသို့ရောက်ခဲ့ရပြန်သည်။လူနာကိုယခင်လို လွတ်လွတ်လပ်လပ်တွေ့ခွင့်မရတော့ပဲအခန်းရှေ့မှသာဖြတ်သန်းကြည့်ခဲ့ရသည်။ လူနာသည်သံကုတင်ပေါ်တွင်ဝေဒနာကိုခံစားရင်း သွေးရောင်ဖျော့ဖျော့မျက်နှာဖြစ်နေသည်။စူးရှတောက်ပသောမျက်လုံးတို့က မဖွင့်နိုင်ရှာပဲမှိတ်ထားလျက်ရှိသည်။ ရင်နင့်ဖွယ်ရာ အကျည်းတန်မြင်ကွင်းကား ထွက်သက်စောင့်နေရသူကို သံခြေကျင်း၊ လက်ထိပ် လုံးဝဖြုတ်ခွင့်မရဘဲဖြစ်နေသည်။ ထိုမြင်ကွင်းက စာရေးသူသာမက မြင်ရသူအားလုံး၏ရင်ကိုဆို့နင့်သွားစေခဲ့သည်။ ထိုညမှာပင် ရှမ်းပြည်ကိုချစ်သော ရှမ်းပြည်မျိုးဆက်သစ်အဖွဲ့ခေါင်းဆောင် ဦးမြင့်သန်းသည် ခါတိုင်းညများလို ပြည်ထောင်စုအကြောင်း၊ ပင်လုံအကြောင်းတို့ကို မပြောပြနိုင်တော့ဘဲလူ့လောကကြီးကိုကျောခိုင်းထွက်ခွာသွားရှာသည်။

## ၂၀၀၆ မေလ (၄) ရက် …

ဈာပနအခမ်းအနားကိုပြုလုပ်မည်ဖြစ်သောကြောင့် သံတွဲဆေးရုံကြီးသည်စည်ကားနေသည်။ ဖိတ်ကြားထားခြင်းမရှိသော ပြည်သူလူထုကြီးကတဖြည်းဖြည်းများပြားလာသည်။သံတွဲမြို့အာဏာပိုင်များအထိတ်တလန့်ဖြစ်ကာ လုံခြုံရေးများတိုးချထား၍ လူထုပရိသတ်ကြီးကို အသုဘပို့ဆောင်ရာတွင်မလိုက်ပါကြရန်တောင်းပန်တားမြစ်တော့သည်။ ထိုအချိန်မှာပင် သံတွဲထောင်မှူးဦးဝင်းမြင့်ရောက်ရှိလာပြီး အသုဘပို့ဆောင်ရာတွင်ကား(၂) စီးသာသုံး ခွင့်ပေးရန်၊ သေဆုံးသူမိသားစု၊ ထောင်ဝန်ထမ်းနှင့် ဆေးရုံဝန်ထမ်းမှလွဲ၍ မည်သူမှမလိုက်ပါရန်ဟူ၍ကြပ်ပြေးနေပြည်တော်မှ အမိန့်စာကိုပြသလေသည်။

အသုဘပို့ဆောင်ရာတွင် ပထမဂျစ်ကားပေါ်တွင်ရဟန်း(၃)ပါးနှင့်ကျန်ရစ်သူမိသားစု၊ ဒုတိယ ဒိုင်နာကားပေါ်တွင် ဆေးရုံအဖွဲ့နှင့်ထောင်ဝန်ထမ်းများလိုက်ပါလာသောကားတန်းသည် ဆေးရုံမှ သင်္ချိုင်းဆီသို့ထွက်ခွာသွားသည်။ကျန်ရစ်သောလူထုပရိသတ်ကြီးသည်ချက်ချင်းဆိုသလိုဆေးရုံအနောက်ဘက်လမ်းကြားမှတဆင့် ဖြတ်လမ်းအတိုင်း သင်္ချိုင်းဆီသို့ချီတက်သွားကြသည်။ အသုဘပို့ဆောင်သောယာဉ်တန်း (၂)စီး သင်္ချိုင်းသို့ရောက်သောအခါ လူထုကြီးက ဇရပ်ပေါ်တွင်အသင့်နေရာယူထားပြီးဖြစ်သည်။ မီးသဂြိုလ်မည်ဖြစ်၍ ထင်းများသယ်မကြရာတွင်အမျိုးသမီးများကိုယ်တိုင်သယ်မပေးကြသည်။ အစောင့်အကြပ်များတားမြစ်သည့်ကြားမှပင် လူထုပရိသတ်ကြီးသည် မီးသဂြိုလ်ပြီးဆုံးသည်အထိ လုပ်ကိုင်ပေးကြသည်မှာ အံ့သြဖွယ်ကောင်းလှသည်။ သံတွဲရောက်အကျဉ်းသား ညွှသည်၏ဈာပနကား ထူးခြားစွာစည်ကားခဲ့သည်။ သူ၏နာမည်သတင်းတို့သည် သံတွဲတွင်သာမက ရခိုင်ပြည်တစ်ဝှမ်းပြန့်နှံ့သွားခဲ့ပါသည်။

တိုက်ဆိုင်မှုတစ်ခုပေလား သံတွဲမြို့သို့ရောက်ရှိနေသောအနောက်ပိုင်းတိုင်း၊ တိုင်းမှူးဗိုလ်ချုပ် ခင်မောင်မြင့်သည် သံတွဲအကျဉ်းသားညွှသည်၏ဈာပနကို စိတ်ဝင်စား၍စုံစမ်းခဲ့ရာ ရှမ်းပြည်မှဦးမြင့်သန်းဖြစ်နေသည်ကိုသိရှိသွားသည်ဟုဆိုသည်။ စိတ်မကောင်းစွာဖြင့် သေဆုံးသူ၏အသုဘကိုပို့ချင်သော်လည်း မိမိပုခုံးထက်ကရွှေကြယ်ပွင့်လေးပြုတ်သွားမှာကိုကြောက်သောကြောင့် မပို့တော့ပဲ လုံခြုံရေးအဖွဲ့များအား"အသုဘပို့ကြတဲ့ပြည်သူတွေကိုအတင်းအကြပ်မတားကြနဲ့" ဟူ၍ အမိန့်တော်ချမှတ်လိုက်လေသည်။

**မှတ်ချက်** ။ ။ ဤအဖြစ်အပျက်များ၏နောက်ပိုင်း (၃) ပတ်အကြာ စစ်တိုင်းမှူးဘဝမှရာထူးကျကာ ဝန်ကြီးနေရာသို့ ရွှေ့ပြောင်းခံရသူများထဲတွင် ဗိုလ်ချုပ်ခင်မောင်မြင့်လည်း တစ်ဦးအပါအဝင်ဖြစ်ကြောင်း သိရှိရသည်။

*ဘာမထီ(ညောဝတီ)*



ဦးမြင့်သန်း

# ယိုသူမရှက် မြင်သူရှက်

ခိုင်ကျော်သောင်း (၈၈ မျိုးဆက်) ၁၈၊ ၉ ၊ ၂၀၀၆

"မရှိတာထက် မသိတာခက်၏"။ မသိတာထက် မသိချင်ယောင်ဆောင်ခြင်းက ပို၍ပင်ခက်သည်ဟု ရှေးပညာရှင်များ၏ စကားမှတ်သားဖူးပါသည်။ ပညာရှိများ၏မှန်ကန်သော အတွေးအခေါ်များသည် ဟောင်းနွမ်းဆွေးမြေ့ ရိုးထုံးစံမရှိပါ။

ပြည်တွင်းမှ ၅၊ ၉၊ ၂၀၀၆ ရက်စွဲဖြင့် အချက် ၆ ချက်ပါ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)သဘောထားထုတ်ပြန်ကြေငြာချက်နှင့် ၁၁၊ ၉၊ ၂၀၀၆ ရက်စွဲ ထိုင်းနိုင်ငံမဲဆောက်အခြေစိုက် မြန်မာ့နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း **AAPP** ၏ကန့်ကွက်ကြောင်း ထုတ်ပြန်ကြေငြာချက်တို့အား ဖတ်ရှုရပါသည်။ ထို့ပြင် ၁၃၊ ၉၊ ၂၀၀၆ ညဉ့်နှင့် ၁၆၊ ၉၊ ၂၀၀၆ **BBC** နံနက်ပိုင်း "မြန်မာ့အရေး ကမ္ဘာ့အရေး" ရေဒီယိုအစီအစဉ် ၁၇၊ ၉ ၊ ၂၀၀၆ ညဉ့်ပိုင်း "ပြည်သူ့ကြားမှ ပြည်သူ့စကား" အစီအစဉ်တို့ကိုနားထောင်ဖြစ်ခဲ့သည်။ ၈၈–မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ) ဆိုသည့် အဖွဲ့မှာ ၁၉၈၈ ခုနှစ် တပါတီအာဏာရှင်စနစ်ပြုတ်ကျရေး၊ ကျောင်းသားများလှုပ်ရှားမှုတပ်ဦးခေါင်းဆောင်များဖြစ်သော ကိုမင်းကိုနိုင်၊ ကိုကိုကြီးတို့အဖွဲ့မဟုတ်ကြောင်း အစီအစဉ်ကြေငြာသူ ဦးကျော်ဇံသာမှရှင်းပြခဲ့ပြီးဖြစ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုအဖွဲ့ဟူသမျှတို့သည် ပြည်သူ့အာဏာကို မတရားရယူသိမ်းပိုက်ထားသော စစ်အာဏာရှင်အစိုးရနှင့် ထိပ်တိုက်တွေ့လိုမှု အလျဉ်းမရှိခြင်းကြောင့်၊ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို တစိုက်မတ်မတ် တောင်းဆိုလာခဲ့ကြသည်။ အနိုင်ရပါတီများ၏လုပ်ပိုင်ခွင့်များ လုံးဝရပ်ဆိုင်းခဲ့ရသောကြောင့် **ASEAN, EU, UN** တို့မှ သံတမန်နည်းလမ်းများဖြင့် ချဉ်းကပ်အဖြေရှာခဲ့ကြသည်။ နအဖ စစ်အုပ်စုသည် ပြဿနာပြေလည်နိုင်ရေးလမ်းစဉ်ကိုလုံးဝသွေဖည်လျက် စစ်အာဏာရာသက်ပန် ခိုင်မြဲရေးကိုသာ တစိုက်မတ်မတ်ကြိုးစားနေဆဲဖြစ်သည်။ နိုင်ငံ၏ ပြဿနာအရပ်ရပ်ကို စစ်ဗိုလ်များစေတနာထား၍ဖြေရှင်းပေးလိုပါကမည်သည့်ပြည်ပခေါင်းဆောင်၊ မည်သည့်နိုင်ငံရပ်ခြားမှဝင်ပါဖို့မလို၊ ပြေလည်သွားမည်မှာမုချဖြစ်သည်။

အေးလွင်နှင့်အဖွဲ့ ထုတ်ပြန်ကြေငြာချက်မှာ အင်မတန် အော့နှလုံးနာစရာကောင်းသည်။ နအဖ အလိုတော်ရိပီသလွန်းသည်။ ဗမာပြည်တွင် ကြံ့ဖွံ့နှင့် အမျိုးသမီးရေးရာအသင်းများ မကောင်းမှုဒုစရိုက် အကုန်လုပ်၍ရသည်။ ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်မပါပဲ လက်ညှိုးထောင်ခေါင်းညိတ်၊ လက်ခုပ်တီးသူများဆင့်ခေါ်ပြီး စစ်အာဏာတည် မြဲရေး၊ကမ္ဘာ့အကြာဆုံးအတုအယောင်ညီလာခံ၌ တိုး၏ ကိုယ်စားလှယ်လုပ်ချင်ကြောင်း ထုတ်ပြန်ကြေငြာချက်အပိုဒ် ၆ တွင်ဖေါ် ပြပါရှိသည်။

***"သြော်လက်စသတ်တော့အေးလွင်တို့က ပျို့အန်ချင်စရာ ရွေးကောက်စရာမလိုတဲ့အမတ် လုပ်ချင်၊ ဝန်ကလေး ဖြစ်ချင်နေတာကိုး"***

(ပဲခူးတိုင်း၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်တွင် အရေးတော်ပုံပါတီအမတ်အဖြစ်ဝင်ရွေးခဲ့သူ၊ စစ်ထောက်လှမ်းရေးထံမှ အဆောက်အဦးကန်ထရိုက်လုပ်ကာ ငွေအလွဲသုံးစားမှုနှင့် ထောင်သုံးနှစ်ကျခဲ့ဖူးသူ၊ ဆန်ပွဲရုံအတူထောင်ခဲ့သည့်သူငယ်ချင်း အားလှည့်ဖြားခဲ့သူ၊ ထောက်လှမ်းရေးဝိတ်သုံးပြီး သဲကုန်းမြို့နယ် အမြတ်တော်ငွေကိစ္စ ဝင်ရှုပ်သဖြင့် ဝတ္တုရားနှောင့်ယှက်မှုနှင့်ထောင် ၂နှစ်ကျခဲ့ဖူးသူအေးလွင်) သို့သော် မူးယစ်ရာဇာ ဘိန်းစား၊ သူခိုး၊ ဖါဂေါင်းမှအစ အကုန်တက်ခွင့် ရနေသောမရိုးမသားညီလာခံတွင်ထောင်ထွက်အေးလွင်ထိုင်ခုံတလုံးရနိုးမျှော်ကိုးပြီး ကပ်ဖါးရပ်ဖါးလုပ်နေကြောင်း ပေါ်လွင်လွန်းနေသည်။

အခွင့်ထူးခံလိုကခံပါ။ သို့သော် နယ်ချဲ့သမိုင်း၊ လွတ်လပ်ရေးသမိုင်း၊ ဒီမိုကရေစီရေးလှုပ်ရှားမှုသမိုင်းများ၌ အစဉ်အလာကြီးမားပြီး သတ္တိဂုဏ်ရောင်ပြောင်ခဲ့သော၊သစ္စာတည်ခဲ့သောနောင်တော် ကျောင်းသားများ၏နာမည်ကိုတော့အလွဲသုံးစားမလုပ်သင့်ပါ။ အဘယ့် ကြောင့်ဆိုသော် အသက်အသေခံ၊ ဘဝနစ်မွန်းခံ၊ စွန့်လွှတ်စွန့်စားအနစ်နာခံခဲ့၊ ဦးဆောင်ဦးရွက်ပြုခဲ့ကြသော ကျောင်းသားခေါင်းဆောင် ဟူသမျှအေးလွင်တို့ကဲ့သို့ တိုးချဲ့ညီလာခံကိုယ်စားလှယ်အဖြစ် စားခွက်ဝေပုံကျတောင်းခံရိုးထုံးစံမရှိခဲ့။ အေးလွင်သည် ၁၉၈၈ ခုနှစ် **RIT** ကုန်ထုတ်ဓါတုတက်နေစဉ် ကိုဖုန်းမော်ဈာပနကော်မတီဝင်ဖြစ်ခဲ့သည်မှလွဲပြီး ဗကသ၊ ရကသ၊ တကသ မည်သည့်ကျောင်းသားသမဂ္ဂ ဖွဲ့စည်းမှုတွင်မျှ မပါဝင်ခဲ့ပါ။

***"သမိုင်းကောင်းတဲ့ ခွပ်ဒေါင်းသွေးကို အိုးမဲမသုတ်ချင်စမ်းပါနဲ့ဗျာ"***

***အေးလွင်…*** *၅၂ သန်းကျော် မြန်မာပြည်သူတွေလိုလားတောင့်တနေတာ လုံးဝလွတ်လပ်ရေး၊ ဒီမိုကရေစီရေးပါ။ လူတိုင်းဥပဒေလေးစားလိုက်နာရတဲ့လူ့အဖွဲ့အစည်းပါ။ ခင်ဗျားပြောသလိုတပ်မတော်နဲ့ပူးပေါင်းရင် ဒီမိုကရေစီမြန်မြန်ရရှိခံစားနိုင်မယ်လို့ ကျွန်ုပ်တို့မယုံကြည်ပါ။ သူတို့ဆက်အုပ်ချုပ်ရင် မြုပ်သထက်မြုပ်လာစရာသာရှိလို့ တိုင်းပြည်နဲ့လူမျိုးအပေါ် လိမ်လည်တတ်တဲ့ နအဖစစ်အုပ်စုကို လုံးဝအယုံအကြည်မရှိတော့ပါ။ ၁၉၆၂ ခုနှစ်ကနေ အခုထိ ၄၄ နှစ်ကြာ စစ်အစိုးရက နာမည်အမျိုးမျိုးနဲ့အုပ်ချုပ်လာခဲ့တာ ကမ္ဘာ့အဆင်းရဲဆုံးတိုင်းပြည်စာရင်းဝင်ခဲ့ရပြီ။ ဒီရာစုနှစ်ဝက်အချိန်မှာ စစ်ဗိုလ်တွေ တိုင်းပြည်အပေါ် တကယ်စေတနာရှိရှိတည်ဆောက်တတ်မယ်ဆိုရင် အရာရာဖွံ့ဖြိုးတိုးတက်နှင့်ပြီးပါပြီ။ မြန်မာပြည်မှာ တံတားတွေဆောက်၊ တမံတွေဆောက်နေတာကို တိုးတက်တယ်လို့ သမိုင်းဦးဘုံမြေခေတ်နဲ့နှိုင်းယှဉ်ရင်တော့ဟုတ်တယ်။ အမှန်တကယ် နှိုင်းယှဉ်သင့်တာက(ကမ္ဘာ၊ အာရှ၊ အိမ်နီးချင်းနိုင်ငံ)တွေနဲ့ပါ။ သူများတိုင်းပြည်ရဲ့ ရေ၊ မီး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စက်မှု၊ စိုက်ပျိုးရေး စတာတွေနဲ့ယှဉ်ကြည့်ပါလား။ ငါတို့စစ်အစိုးရ ဘာမှ အသုံးမကျပါလားလို့သိလာလိမ့်မယ်။ သူများက အမိုက်ကောက်၊ ဟင်းရွက်သည်ကအစ လက်ကိုင်ဖုန်းတွေလွယ်လွယ်ကူကူ အဖိုးနှုန်း*




ယာအစွန်လူ (အေးလွင်)

ချိုချိုသာသာနဲ့ သုံးခွင့်ရနေကြတယ်။ ပြည်သူတွေဟာ တိုးတက်ချင် လွန်းလှပါပြီ။ အခုလုပ်နေတဲ့ ကမ္ဘာလိမ် *Road Map (7)* ချက်က စစ်တပ်လက်ဝယ်အာဏာရှိရေးပါ **အေးလွင်**။

ရွေးကောက်စရာမလိုပဲ လွှတ်တော်မှာ ၂၅% စစ်ဗိုလ်အမတ် ရရှိရေး၊ သမ္မတ ကစစ်သက်တမ်း ၁၀ နှစ်ရှိတဲ့စစ်ဗိုလ်၊ ကာကွယ်ရေး ဝန်ကြီးက သမ္မတခန့်တဲ့စစ်ဗိုလ်၊ တိုင်းဒေသကြီးနဲ့ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရပြည်နယ်မှာ အကြီးဆုံးက စစ်ဗိုလ်၊ ကဲ ... **အေးလွင်** တို့ ပူးပေါင်း လိုတဲ့ နအဖ ပေးမဲ့ဒီမိုကရေစီက ဒါပဲပေ့ါ။

၁၉၉၀ ပြည့် မေလ ၂၇ ရက်နေ့မှာ နဝတ ကတရားဝင် ကျင်းပခဲ့တဲ့ ပါတီစုံရွေးကောက်ပွဲရလဒ်ဟာ စက်ရုံထုတ် ပစ္စည်းမဟုတ် တာကြောင့် **date out** ဒိတ်အောက်တယ်ပြောလို့မရဘူး။ ပြည်သူတွေ နှလုံးသားနဲ့ ထုဆစ်ခဲ့ကြတာပါ။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဗိုလ်ချုပ်သမီး၊ ပညာတတ်၊ အမြော်အမြင်ရှိသူမို့ ပြည်သူတွေက ခေါင်းဆောင်အဖြစ် ရင်ထဲမှာသတ်မှတ်ယုံကြည်ခံရသူပါ။ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်တို့ကို ဖမ်းဆီးပြီးရွေးကောက်ပွဲ လုပ်ခဲ့ပေမဲ့ ဒေါ်စုရဲ့ *NLD* ကိုလူထုက ပုံအောမဲပေးရုံတင်မက တပ်နယ်မြေမဂ်လာဒုံကတောင် ပြည်ချစ်စစ်သားတွေမဲပေးခဲ့ကြတာပါ။ *NLD* နဲ့ အနိုင်ရတိုင်းရင်းသားပါတီတွေ ကံစမ်းမဲပေါက်ခဲ့ကြတာ မဟုတ်ဖူး။ သုံးပွင့်ဆိုင်ဆွေးနွေးရေးမှာ ဒေါ်စုပါရေးတောင်းဆိုရတာက မရိုးသားတဲ့စစ်ဗိုလ်တွေကြောင့်ဖြစ်သလို တိုင်းရင်းသားအရေးကိစ္စ ကြောင့်လဲဖြစ်တယ်။ လွတ်လပ်ရေးနဲ့အတူ ဖွါးဖက်တော်ဖြစ်တဲ့ ပြည်တွင်း စစ်မီး၊ တိုင်းရင်းသားပြဿနာကို ဒေါ်စုသာလျှင် သမာ သမတ်ကျစွာ ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မယ်လို့ ယုံကြည်ထားကြလို့ ဖြစ်တယ်။

တိုင်းရင်းသားပြဿနာ မပြေလည်သမျှ ပြည်တွင်းစစ် မအေး နိုင်၊ ပြည်တွင်းစစ်မအေးနိုင်သမျှ အာဏာသိမ်းအစိုးရ ပေါ်လာ နိုင်တာကြောင့် ပြဿနာဇစ်မြစ်ကိုသိတဲ့ ဒေါ်စုကို လိုလားကြတာ ဖြစ်တယ်။ **အေးလွင်** ... အာဏာရှင်တွေဆိုတာ အတူတူလုပ်ဖေါ် ကိုင်ဖက်အချင်းချင်းကိုတောင် အသိအမှတ်မပြု၊ ဖြုတ်၊ထုတ်၊ ထောင်ချ တာပဲ။ ၂၀၀၂ ခုနှစ်က တပ်မတော် မွေးစားဖခင်အမည်ခံခဲ့တဲ့ ဦးနေဝင်း ကိုသတိရကြသေးရဲ့လားမေးကြည့်ပေ့ါ။ တိုင်းပြည်နဲ့ လူမျိုးအတွက် အနစ်နာခံခဲ့တဲ့ ဆရာတော်ဦးဥတ္တမ ပျံလွန်တော်မူတာ ၆၇ နှစ်ရှိခဲ့ပြီ။ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရတာ ၅၉ နှစ်ရှိခဲ့ပြီ။ ပြည်သူတွေ နှလုံး သားမှာ အခုလဲ မမေ့ဘူး၊ နောင်လဲမေ့မှာမဟုတ်ဖူး။ ဒါဟာ အာဏာရှင် နဲ့ ပြည်သူ့ဘက်တော်သား ကွာခြားမှုပါ။

မည်သို့ပင်ဆိုစေ မြန်မာ့မြေပေါ်တွင် စစ်အာဏာရှင်စနစ် ဆယ်စုနှစ်နှင့်ချီဆက်လက်ရပ်တည်၍မရပါ။ မိမိတို့အချင်းချင်း ညှိနှိုင်း ဖြေရှင်းမှုကို နအဖတို့ လက်မခံငြင်းဆန်ခြင်းကြောင့် ကမ္ဘာ့မိသားစု၊ ကမ္ဘာ့အဖွဲ့အစည်းများမှဝင်ရောက်ဖြေရှင်းပေးကြတော့မည့်အရေးကို နောက်ကြောင်းမလှ၊ မသတီပျို့အန်ချင်စရာ မျက်ကွယ်ပြုလစ်လျူရှု သော **"ဂဏမျိုးဆက်ကျောင်းသားလူငယ်များ"** အမည်ခံ အေးလွင် နှင့် အပေါင်းပါတို့အား ခြေတို့၍အသိပေးလိုက်ရပါသည်။ ❏




## အမှားပြင်ဆင်ချက်

၂၀၀၆ ခု (မေ–ဂျွန်) လထုတ် ကွဏ်းခေါ်စာစောင် အမှတ်စဉ် (၂၂၄)၊ စာမျက်နှာ (၂၂) သတင်းတိုထွာကဏ္ဍပါ *"အကျပ်အတည်းနှင့်ရင်ဆိုင်နေရသော ဒီ/ချုပ်အဖေါ်တိုး "* သတင်းခေါင်းစဉ် စာပိုဒ်(၃) နောက်ဆုံးစာကြောင်းပါ ---

အာဏာပိုင်များ၏ ဖိအားပေးမှုဖြင့် နှုတ်ထွက်သွားရသူ (၃) ဦးမှာ–

၁) စိုင်းထွန်းအောင် ၄၈ နှစ် ၊ လင်းခေး မဲဆန္ဒနယ် ၊ ဂျွန်လ ၅ ရက် ၂၀၀၄ ၊
၂) စိုင်းဆောင်ဆီ ၅၈ နှစ် ၊ ကျောက်မဲ မဲဆန္ဒနယ် အမှတ် ၁ ၊ ဧပြီလ ၆ ရက် ၂၀၀၆ ၊
၃) စိုင်းဖှ ခေါ် စိုင်းလှဖေ ၅၆ ၁နှစ်၊ ကျောက်မဲ မဲဆန္ဒနယ် အမှတ် ၂ ၊ ဧပြီလ ၇ ရက် ၂၀၀၆

စသည့် SNLD ပါတီ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (အမတ်) များဖြစ်ကြသည်။
– ဟုပြင်ဆင်ဖတ်ရှုပါရန်။




Photo: Noan

ၵေႃႉတၢင်ႈၽေႃင်း ၶိၼ်ၸၼ်တၢင်းလိုဝ်းတၢင်ႈမွတ်ႇ,
ႁၼ်လွတ်ႇ,တူဝ်ႈတၢင်းမိူင်း




ကိုလေဖမ်း အား ဗိုလ်စွေကန်း က လမ်းပြညွှန်

Harn Lay 2006